**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၂၃)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်
၂၀၂၆ ခုနှစ်၊ မေ ၁၁ ရက်၊ တနင်္လာနေ့


# မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေအပေါ်မူတည်၍ မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်

## သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း အောင်မြင်စွာကျင်းပခဲ့ပါ သည်။ အဆိုပါရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၄ ဒသမ ၂၃ သန်းရှိသည့်အနက် ဆန္ဒမဲပေးသူ ၁၃ ဒသမ ၁၃ သန်းကျော်သည် ၎င်းတို့၏ လွတ်လပ်သောဆန္ဒသဘောထားများဖြင့် ဆန္ဒမဲပေးခဲ့ကြပြီး၊ ပြည်သူများကရွေးချယ်ခဲ့သည့် လွှတ်တော်နှင့် လွှတ်တော်ကရွေးချယ်တင်မြှောက်သည့် နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရတစ်ရပ်ပေါ်ပေါက်ခဲ့ပြီးဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ထိုစဉ်အာဏာရအစိုးရက မဲမသမာမှုများကို ဆိုးရွားစွာပြုလုပ်ခဲ့ကြပြီး အဆိုပါရွေးကောက်ပွဲသည် တရားမျှတမှုမရှိကြောင်း နိုင်ငံရေးပါတီများနှင့် ပြည်သူများက တောင်းဆိုမှုအရ စိစစ်စုံစမ်းခဲ့ရာ မဲပေးပိုင်ခွင့်ရှိသူ ၃၈ ဒသမ ၂ သန်းကျော်အနက် မဲမသမာမှု ၁၁ ဒသမ ၃ သန်း ကျော်ပေါ်ပေါက်ခဲ့ကြောင်း သိသာထင်ရှားစွာ စိစစ်တွေ့ရှိခဲ့သဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။ မသမာသောနည်းလမ်းများ အသုံးပြု၍ အာဏာရယူလိုသည့် တာဝန်ရှိသူများတွင် အဂတိအမှုနှင့် အခြားသောပြစ်မှုတို့ကို ကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်သဖြင့် တရားဥပဒေနှင့်အညီ တရားရုံးက ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအသစ်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ပြန်လည်ကျင်းပခဲ့ရခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၁၅ ကော်လံ ၁** ❒

# ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)နှင့် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်)စခန်းသိမ်းအောင်ပွဲကျင်းပ



၂၀၂၆ ခုနှစ် ကောဒသမတန်းလူရည်ချွန်စခန်း(ငွေဆောင်)စခန်းသိမ်းအောင်ပွဲမီးပုံပွဲတွင် လူရည်ချွန်မောင်မယ်များပျော်ရွှင်စွာဆင်နွှဲကြစဉ်။

**နေပြည်တော် မေ ၁၀**

၂၀၂၆ခုနှစ် အဆင့်မြင့်ပညာအဆင့်လူရည်ချွန်စခန်း(ချောင်းသာ) စခန်းသိမ်းအောင်ပွဲကို မေလ ၈ ရက်ညပိုင်းတွင် အဆိုပါစခန်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်း၊ အနောက်တောင်တိုင်း

**စာမျက်နှာ ၅ ကော်လံ ၁** ●



## ဆင္ဒသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် အထူးပြပွဲနောက်ဆုံးနေ့ လေ့လာကြည့်ရှုသူများအထူးစည်ကား

စာ - ၁၁ သို့

**ဆောင်းပါး**

**စည်းလုံးညီညွတ်မှုအင်အားကို ဤသို့တည်ဆောက်ကြပါစို့**

စာ - ၁၃ သို့

**ခရမ်းချဉ်သီးမှပေးသော ကျန်းမာရေးအကျိုးကျေးဇူးများ**

စာ - ၈ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မေ ၁၁ ရက်)

## နိုင်ငံ့စီးပွားပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဝိုင်းဝန်းဆောင်ရွက်

ချမ်းသာကြွယ်ဝမှုသည် နိုင်ငံနှင့်ပြည်သူတို့၏လူနေမှုဘဝကိုမြင့်မားစေပြီး နိုင်ငံ့ဂုဏ်သိက္ခာကိုလည်း ထည်ထည်ဝါဝါဖြစ်စေသည်။ နိုင်ငံတိုင်းကမိမိနိုင်ငံကို စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်လျက်ရှိကြရာ မြန်မာနိုင်ငံသည်လည်း မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားလုပ်ဆောင်ရမည်ဖြစ်သည်။ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုများကိုအားပေးမြှင့်တင်ပြီး ပြည်ပရောင်းတမ်းဝင်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေးကိုဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာမိမိတို့နိုင်ငံသည်လည်း ဒေသတွင်းနိုင်ငံများကဲ့သို့ GDP မြင့်တက်လာမည်ဖြစ်သည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပြည်သူလူထု၏လူမှုစီးပွားဘဝများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတိုးတက်မြင့်မားအောင်ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်သည်။ ထိုသို့ဆောင်ရွက်ပေးနိုင်ရန်အတွက် တစ်ဦးချင်းလူမှုစီးပွားဘဝများတိုးတက်ရေး၊ တိုင်းပြည်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပေါ်လာအောင်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုဆောင်ရွက်နေခြင်းဖြစ်သည်။ ထို့ကြောင့်နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးမြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဧပြီလ ၂၀ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌အမှာစကားပြောကြားစဉ် **“နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများရရှိရမည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပပို့ကုန်များတိုးမြှင့်ရရှိစေနိုင်ကြောင်း၊ ထုတ်ကုန်များကိုပိုမိုတင်ပို့နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများစွာရရှိနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကိုမဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်၌လည်း ဒေသအလိုက်ကုန်ထုတ်လုပ်မှုများတိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

အမျိုးသားပို့ကုန်မြှင့်တင်ရေးအတွက် မဟာဗျူဟာများချမှတ်ဆောင်ရွက်ရာတွင် အရေးကြီးသည့်အချက်မှာ ပြည်ပဈေးကွက်ဝင်ပို့ကုန်အမယ်စုံတို့ကို နိုင်ငံတကာအဆင့်အတန်းနှင့်ကိုက်ညီစွာထုတ်လုပ်နိုင်ရန်ပင်ဖြစ်သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစသည်တို့ကို ပိုးသတ်ဆေးနှင့် ဓာတုဓာတ်ကြွင်းများကင်းစင်ရေး၊ စံချိန်စံညွှန်းမီသန့်စင်ထုပ်ပိုးရေး၊ တန်ဖိုးမြှင့်ကုန်ချောများထုတ်လုပ်ရေးတို့ကို အစိုးရသက်ဆိုင်ရာဝန်ကြီးဌာနမှ လိုအပ်သည်များကူညီပံ့ပိုးပေးပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။ ဦးစားပေးရွေးချယ်ထားသော ကုန်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုကဏ္ဍအားလုံးတွင် အစိုးရနှင့်ပုဂ္ဂလိကတို့ပူးပေါင်းဆောင်ရွက်မှုအားကောင်းမှသာ ပို့ကုန်မြှင့်တင်ရေးကဏ္ဍများအမှန်တကယ်ကုန်ထုတ်လုပ်နိုင်ကြမည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုမြင့်မားပြီးပို့ကုန်များပိုမိုတင်ပို့နိုင်ရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) တွင် ဦးစားပေးကဏ္ဍများအဖြစ် (၁) ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ (၂) ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ၊ (၃) ရေထွက်ကုန်လုပ်ငန်း၊ (၄) ရော်ဘာလုပ်ငန်း၊ (၅) အထည်အလိပ်နှင့် အဝတ်အထည်၊ (၆) စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်း၊(၇) သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်၊(၈)သစ်တောထွက်ပစ္စည်း၊(၉)လျှပ်စစ်နှင့်အီလက်ထရွန်နစ်စက်ပစ္စည်း၊(၁၀)ကျောက်မျက်နှင့်လက်ဝတ်ရတနာ၊ (၁၁) လက်မှုအနုပညာပစ္စည်း၊ (၁၂) ခရီးသွားလုပ်ငန်း၊ (၁၃) ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုတို့ကိုရွေးချယ်ခဲ့သည်။ အထောက်အကူပြုကဏ္ဍများအဖြစ် (၁)ဘဏ္ဍာရေးဝန်ဆောင်မှုများရရှိနိုင်ရေး၊ (၂) ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှု၊ (၃) အရည်အသွေးစီမံခန့်ခွဲမှု၊ (၄) ကုန်သွယ်မှုသတင်းအချက်အလက်ဝန်ဆောင်မှု၊ (၅) တီထွင်ဆန်းသစ်မှုနှင့်စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းတို့ကို ရွေးချယ်ဆောင်ရွက်ခဲ့သည်။

ပို့ကုန်ပမာဏမြင့်မားလာသည်နှင့်အမျှ သွင်းကုန်တန်ဖိုးပမာဏများပြီး ပို့ကုန်တန်ဖိုးလျော့နည်းမှုကြောင့်ဖြစ်ပေါ်သည့် ကုန်သွယ်မှုလိုငွေကို လျော့ကျလာစေမည်ဖြစ်သည်။ ကုန်ထုတ်လုပ်မှုပိုမိုမြှင့်တင်၍ပို့ကုန်ပမာဏကို ပိုမိုမြင့်မားစေပြီး ကုန်သွယ်မှုဘက်ညီလာသည်နှင့်အမျှ ကုန်သွယ်မှုလိုငွေလျော့ကျလာသလို ငွေကြေးဖောင်းပွမှုနှုန်းလည်း ကျဆင်းလာမည်ဖြစ်သည်။ တစ်ဆက်တည်းတွင် အလုပ်အကိုင်အခွင့်အလမ်းများ များပြားလာခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးတက်လာခြင်း၊ စားသုံးနိုင်မှုပမာဏများပြားလာခြင်း စသည့်စီးပွားဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်အမျိုးသားပို့ကုန်မဟာဗျူဟာကို၂၀၁၃ ခုနှစ်တွင်စတင်ရေးဆွဲခဲ့သည်။ အမျိုးသားပို့ကုန်မဟာဗျူဟာကို ပို့ကုန်အမယ်စုံတင်ပို့နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် တီထွင်ဆန်းသစ်မှုနှင့် နည်းပညာမြှင့်တင်ဆောင်ရွက်ခြင်းတို့ဖြင့် ဟန်ချက်ညီစွာဖွံ့ဖြိုးတိုးတက်စေရေး ဦးတည်ဆောင်ရွက်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံ့စီးပွားပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူအားလုံးက နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ တက်ညီလက်ညီအကောင်အထည်ဖော်ကြရန်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ကြို့ပင်ကောက် မေ ၁၀

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ထောက်ကြံ့တောကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို မေလ ၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအောင်၊ အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးထက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ထောက်ကြံ့တောကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

အဆိုပါ ထောက်ကြံ့တောကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည် ၄၈၅ ပေ၊ အကျယ် ၂ ပေ ၆ လက်မ၊ ထု ၆ လက်မ နှစ်ဘီးသွားကွန်ကရစ်ဘီးလမ်းခင်းခြင်းကို ရက် ၁၀၀ စီမံချက်အရ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃၃ ဒသမ ၄ သိန်း စုစုပေါင်းငွေကျပ် ၁၈၃ ဒသမ ၄ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများကအနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုလပထမပတ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၅-၂၀၂၆(တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၇။ | ၀၉:၄၅ | တွေးမယ်ဖြေမယ် |
| ၂။ | ၀၆:၅၀ | ဓမ္မပူဇာတေး | ၈။ | ၁၀:၃၅ | မွေးမြူသုတ |
| ၃။ | ၀၇:၀၀ | နံပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၉။ | ၁၁:၁၀ | ကမ္ဘာ့ရေးရာမှတ်သားစရာ |
| | | | ၁၀။ | ၁၁:၅၅ | မြန်မာ့လက်သံ |
| ၄။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၁။ | ၁၂:၁၅ | လေးစားအတုယူ စံနမူသူရဲကောင်းများ |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | | | |
| ၆။ | ၀၈:၃၀ | မောင်မယ်လေးများသိစေချင် | ၁၂။ | ၁၃:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မန္တလေးဈေးကွက်အတွင်း ဆောင်းကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ



မန္တလေး မေ ၁၀

မန္တလေးဈေးကွက်အတွင်းသို့ တာရှည်အထားခံသော ဆောင်းကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ စားဖိုဆောင်သီးနှံကုန်စည်ဒိုင်များမှ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီကို ကျောက်ဆည်၊ မြစ်သား၊ စဉ့်ကိုင်၊ တံတားဦး၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ပျော်ဘွယ်နှင့် ရမည်းသင်း စသည့်ဒေသများ၌ အများဆုံးစိုက်ပျိုးကြပြီး မိုးကြက်သွန်နီနှင့် ဆောင်းကြက်သွန်နီအဖြစ် နှစ်ရာသီစိုက်ပျိုးကြသည်။

အများအားဖြင့် မိုးကြက်သွန်နီသည် ကြက်သွန်ဥများကို ပြန်လည်စိုက်ပျိုးခြင်းဖြစ်ပြီး အစိုအတိုင်းတူးဖော်၍ရောင်းချရကာ အထားမခံကြောင်း၊ ဆောင်းကြက်သွန်နီသည် ကြက်သွန်မျိုးစေ့ကိုပျိုးထောင်၍ အပင် တစ်လခွဲသားအရွယ်ခန့်တွင် ပျိုးပင်ကိုနုတ်ကာ နေရာရွှေ့ပြောင်းစိုက်ပျိုးခြင်းဖြစ်ပြီး ကြက်သွန်မြိတ်ခြောက်မှသာ တူးဖော်ရောင်းချသောကြောင့် တာရှည်အထားခံကြောင်း သိရသည်။

ထို့ကြောင့် ဆောင်းကြက်သွန်နီကို ပိုမိုစိုက်ပျိုးကြကာ အဓိကစိုက်ပျိုးသော ကြက်သွန်နီမျိုးများမှာ မြင်းခြံမျိုး(ဥရှည်မျိုး)နှင့် မြစ်သားမျိုး(ရွှေဖလားမျိုး)တို့ဖြစ်ကြောင်း၊ မြင်းခြံမျိုး(ဥရှည်မျိုး)သည် ဥရှည်ကာ အခွံထူ၍ အသားကြမ်းပြီး မြစ်သားမျိုး(ရွှေဖလားမျိုး)သည် ဥဝိုင်းမျိုးဖြစ်ကာ အခွံပါး၍ အသားနုကြောင်း သိရသည်။

ဆောင်းဦး

# နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID ကတ် ထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တက်သစ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ရက် ၁၀၀ စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းများနှင့် နိုင်ငံသားကိုယ်ရေးအချက်အလက်(UID)ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို မေလ ၁၀ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ထန်းတပင်မြို့နယ် ဦးစီးမှူး ဦးခင်ဆွေနှင့်ဝန်ထမ်းများက ရက် ၁၀၀ စီမံချက်ဖြင့် တက်သစ်ကျေးရွာနေပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းလုပ်ငန်းများ၊ ကျေးရွာအတွင်း အသက် ၁၈ နှစ်ပြည့်ပြီး ကျေးရွာနေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းလုပ်ငန်းများနှင့် နိုင်ငံသားကိုယ်ရေးအချက်အလက် (UID)ကတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးနေမှုအခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းအောင်၊ မော်ဘီခရိုင် ဦးစီးမှူး ဦးခင်မောင်သန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး စွမ်းရည်မြှင့်သင်တန်းဖွင့်လှစ်



ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၌ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များအတွက် လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေး စွမ်းရည်မြှင့်သင်တန်းကို မေလ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးသူမောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ခိုင်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့စုမှူး ရဲမှူးတိုးမြို့က ရပ်ရွာလူထုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လူကုန်ကူးမှုဆိုင်ရာ နောက်ဆုံးပေါ်အခြေအနေများနှင့် ဗဟုသုတများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စံလုပ်ငန်းအစီအစဉ် (Standard Operating Procedures – SOP) များကိုသိရှိပြီး လက်တွေ့အသုံးချနိုင်စေရန်နှင့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးမှ ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် NGO အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၁၀၀၀ ကျော် တင်ပို့နိုင်

ရန်ကုန် မေ ၁၀

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၁၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ပြည်တွင်းမှထွက်ရှိသော ပျားရည်များကို ပြည်တွင်း၌စားသုံးခြင်းနှင့် ဆေးဝါးထုတ်လုပ်ငန်းများတွင် အသုံးပြုခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် နှစ်စဉ် ပြည်ပနိုင်ငံများသို့ တင်ပို့နေပြီး ထိုသို့တင်ပို့ရာတွင် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းတို့မှတစ်ဆင့် တင်ပို့လျက်ရှိသည်။

"၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မှာ ပြည်တွင်းကနေ ပြည်ပကို ပျားရည်တင်ပို့မှုအနေနဲ့ စုစုပေါင်း မက်ထရစ်တန် ၁၀၀၆ ဒသမ ၃၃ တန် တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀၉ သန်းရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံကနေ ပြည်ပတင်ပို့နေတဲ့ ပျားရည်တော်တော်များများကို နိုင်ငံခြားသားကုန်သည်၊ ဝယ်လက်တွေက ကြိုက်နှစ်သက်ကြပြီး အဲဒီပျားရည်တွေထဲမှာ ဆီးပျားရည်နဲ့ နှမ်းပျားရည်ကို အများဆုံး တင်ပို့ရပါတယ်။ မြန်မာ့ပျားရည်ကို ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ကို အများဆုံးတင်ပို့ခဲ့ပါတယ်" ဟု မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူးကပြောသည်။

ပြည်တွင်း၌ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပျားရည်အများဆုံးထွက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ် စသည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း ပျားရည်များထွက်ရှိသည်။

ပြည်တွင်းမှထွက်ရှိသော ပျားရည်အမျိုးအစားများတွင် ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ လိုက်ချီးပျားရည်၊ နေကြာပျားရည်၊ ပန်းပေါင်းစုံပျားရည်၊ ရော်ဘာပျားရည်နှင့် နှမ်းပျားရည်တို့ပါဝင်ပြီး အဆိုပါပျားရည်များကို သက်ဆိုင်ရာသီးနှံများစိုက်ပျိုးသည့် ရာသီအလိုက် စုဆောင်းရရှိခြင်းဖြစ်သည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲအနေဖြင့် ပြည်တွင်း၌ ပျားရည်အထွက်နှုန်း တိုးတက်မြင့်မားလာစေရန် ပျားဘုရင်မမျိုးများ မြှင့်တင်ကာ ဖြန့်ဖြူးပေးခြင်း၊ ကောင်းမွန်သော ပျားမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူနိုင်စေရန် အသိပညာပေးခြင်းအပြင် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသောပျားရည်များ ထုတ်လုပ်နိုင်စေရန် သင်တန်းများဖွင့်လှစ်ကာ နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး



# ကမ္ဘဖလ

တင့်တယ်

ယမန်နေ့မှအဆက်

ထိုခေတ်အခါမှာကား အင်္ဂလိပ်စာ ဆယ်တန်းတတ်မြောက်သူတို့ မြို့အုပ်စစ်ကဲဖြစ်လျက် ဘုရားထူးခံကြရသောခေတ်ဖြစ်ရာ ကျွန်ုပ်၏မိခင်သည် ကျွန်ုပ်အား ပညာကိုပေးခြင်းအားဖြင့် ပညာ၏တန်ခိုးနောက်တွင် လိုက်လာမည်ဖြစ်သော ရာထူးအာဏာ ဂုဏ်သိက္ခာတို့ကိုပါ မြော်မြင်၍ ရည်ရွယ်ခဲ့ခြင်းဖြစ်ပေ၏။ ထို့ကြောင့် မိခင်၏ရည်ရွယ်ချက်ကို တွေးလိုက်တိုင်း မိခင်၏ရည်ရွယ်ချက်သည် ကျွန်ုပ်၏ ကိုယ်ပိုင်ရည်ရွယ်ချက်အဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲလာခဲ့ပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆယ်နှစ်သားအရွယ် ထမင်းသိုး၊ ဟင်းသိုးကိုစား၍ ဘုန်းကြီးကျောင်းသားဘဝဖြင့် အုန်းမောင်းခေါက်၊ ကြေးစည်ရိုက်ကာ ကုဋီကို ဆေးကြောနေစဉ်ကပင်လျှင် "အင်္ဂလိပ်စာကို ငါသင်မယ်၊ အင်္ဂလိပ်စာကို ငါသင်မယ်၊ ခုနစ်တန်းစာမေးပွဲကို ငါဝင်ဖြေမယ်၊ စကောလားရှစ်ရအောင် ကြိုးစားမယ်" စသည်ဖြင့် အတွင်းကျိတ် တနှံ့နှံ့တွေးကာနေရာမှ အင်္ဂလိပ်စာသင်နိုင်မည့်လမ်းစကို ရှာမှန်းမသိရှာ၏။ ပိုက်ဆံတတ်နိုင်၍ ကျွန်ုပ်တို့မြို့၌ အစိုးရကဖွင့်သော အလယ်တန်းကျောင်းလေးတွင် ပညာသင်နိုင်သူ ဆွမ်းအိုးကြီးဒါယကာ၊ ဒါယိကာမများ၏ သားသမီးများကို ခိုပုံကလေးများ လုပ်ပေးခြင်း၊ စွန်လုပ်ပေးခြင်း၊ မှန်စာတိုက်ပေးခြင်း၊ လက်သမားဆရာတစ်ဦးကိုကပ်၍ ဂျင်ကလေးများ ပွတ်တိုက်ပေးခြင်း၊ ဘုန်းကြီးကျောင်း၌ သီတင်းလပြည့်တွင်လာ၍ ဘီလပ်ရည်လှူကြသောအခါ ဘီလပ်ရည်ပုလင်းကွဲလျှင် ရတတ်သော ဘူးဆို့ဖန်ဂေါ်လီကလေးများကို စု၍ပေးခြင်းအားဖြင့် အင်္ဂလိပ်ကျောင်းသားကလေးများကို အလွန်သင့်အောင်ပေါင်းကာ အေ-ဘီ-စီ-ဒီ ကို ရေးကူးကျက်မှတ်ခြင်း၊ စာအုပ်ဟောင်းလေးများကိုတောင်း၍ လေ့လာခြင်း စသည်ဖြင့် အစပျိုးခဲ့၏။ သို့နှင့်ပင် ကျွန်ုပ် သဂြိုဟ်ကိုးပိုင်းကျွတ်၍ စီအေတီ ကက် ကြောင်၊ ဘီအေတီ ဘက် လင်းနို့ဟူသော အဆင့်အတန်းကို ရောက်ခဲ့သည်တွင် ကံကောင်း၊ ဘုန်းကောင်းထောက်မသဖြင့် ကျွန်ုပ်မှာ ဆရာကောင်းကို မှီခိုခဲ့ရပေသည်။

ဆရာကောင်းပေါ်၍လာရသည်မှာကား တခြားနည်းဖြင့်မဟုတ်။ ကျွန်ုပ် အမြဲပြုစုရသော ဦးပဉ္စင်း၏ ပီယလက်ဖွဲ့တန်ခိုးကြောင့်ဖြစ်လေသည်။ ဆန်းသည်ဟု ထင်ကြမည်။ ဆန်းလည်း ဆန်းပါပေသည်။ အကြောင်းမူကား ကျွန်ုပ်အမြဲပြုစုရသော ဦးပဉ္စင်းသည် အင်းအိုင်ခါးလှည့် လက်ဖွဲ့မန္တရားကို အလွန်ဝါသနာပါ၏။ ထို့ကြောင့် မြို့ထဲက အင်္ဂလိပ်ကျောင်းသား လူပျိုပေါက်စတို့သည်လည်းကောင်း၊ ဈေးထဲမှ ကုန်ရောင်းကုန်ဝယ်စွံချင်သော ကုန်စုံသည်၊ ငါးခြောက်ငါးခြမ်းသည်၊ ကုန်သေးသည်တို့သည်လည်းကောင်း အကြောင်းကိုသိသောအခါ ကျွန်ုပ်၏ ဦးပဉ္စင်းကလေးကို ပီယလက်ဖွဲ့၊ ဈေးခေါ်လက်ဖွဲ့ထိုးပေးပါရန် ကပ်၍ နားပူတတ်ကြလေသည်။ ဦးပဉ္စင်း၏ ပညာစွမ်းကို လက်ဦး လူသိနည်းပါးစဉ်ကမူ ဘာမျှအရေးမကြီးသေး။ တဖြည်းဖြည်းနှင့် ဦးပဉ္စင်း၏ ပီယလက်ဖွဲ့၊ ဈေးခေါ်လက်ဖွဲ့များ စွမ်းသည်ဟူသော သတင်းစကား ပြန့်ပွားလာသောအခါတွင် ဦးပဉ္စင်းကလေး၏အခန်းသို့ ဈေးသည်အဒေါ်ကြီးများနှင့် လူပျိုကာလသားများ အဝင်အထွက် အလွန်တရာများပြားလာခဲ့လေသည်။

ထိုသို့ဖြစ်လာရာတွင် ကျောင်းထိုင်ဆရာတော်ကြီးကိုယ်တိုင် ရိပ်မိသိရှိသွားပေရာ ဆရာတော်ကြီးမှာ စည်းကမ်းဥပဒေတင်းကျပ်လှသော

**"မိခင်၏ရည်ရွယ်ချက်ကို တွေးလိုက်တိုင်း မိခင်၏ ရည်ရွယ်ချက်သည် ကျွန်ုပ်၏ကိုယ်ပိုင်ရည်ရွယ်ချက်အဖြစ်သို့ တဖြည်းဖြည်းပြောင်းလဲလာခဲ့ပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် ဆယ်နှစ်သားအရွယ် ထမင်းသိုး၊ ဟင်းသိုးကို စား၍ ဘုန်းကြီးကျောင်းသားဘဝဖြင့် အုန်းမောင်းခေါက်၊ ကြေးစည်ရိုက်ကာ ကုဋီကို ဆေးကြောနေစဉ်ကပင်လျှင် "အင်္ဂလိပ်စာကို ငါသင်မယ်၊ အင်္ဂလိပ်စာကို ငါသင်မယ်၊ ခုနစ်တန်းစာမေးပွဲကို ငါဝင်ဖြေမယ်၊ စကောလားရှစ်ရအောင် ကြိုးစားမယ်" စသည်ဖြင့် အတွင်းကျိတ် တနှံ့နှံ့ တွေးကာနေရာမှ အင်္ဂလိပ်စာသင်နိုင်မည့်လမ်းစကို ရှာမှန်းမသိ ရှာ၏. . ."**

ကိုယ်တော်ကြီးဖြစ်သဖြင့် (ကျောင်းရှိ ပဉ္စင်းပျိုများသည် အရပ်သူ၊ အရပ်သားတို့အား အင်းအိုင်ခါးလှည့်လက်ဖွဲ့ဆေးဝါး မပေးဝေရ၊ ပေးခဲ့ပါလျှင် ကျောင်းမှနှင်မည်) ဟု တစ်ချက်လွှတ်အမိန့်ထုတ်လိုက်၏။ ထိုအခါတွင် ဦးပဉ္စင်းရော လက်ဖွဲ့လိုချင်သူတွေပါ ခက်၍နေကြလေသည်။ လက်ဖွဲ့လိုချင်သူတို့ လှူဒါန်းထားသော ပေါ်ပလင်ခေါင်းအုံးစွပ်၊ ပိုးသပိတ်လွယ်၊ ကြေးခါးပန်းသီးနှင့် ပိုးခါးပန်းကြိုး၊ ဖောင်တိန်၊ ခါးပိုက်ဆောင်နာရီ၊ သာဓုသုနွှရီယပ်လုံကျမ်း စသည်တို့ကို အလှူခံ၍ထားမိသော ဦးပဉ္စင်းမှာ လက်ဖွဲ့ခါးလှည့်လုပ်ငန်းကို မြေအောက်လုပ်ငန်းအဖြစ်သို့ ပြောင်းလဲလိုက်ရပြီးလျှင် သိမ်ကြီး၏နံရံ၌ ထွင်း၍လုပ်ထားသော ကမ္မဋ္ဌာန်းဂူကလေးအတွင်း၌ အာနာပါနလုပ်ဟန်ဖြင့် ခိုးကြောင်ခိုးဝှက် လက်ဖွဲ့ကို မန္တန်စုတ်ခြင်း၊ လက်ဖွဲ့နှိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ သိမ်ဝင်သပိတ်ကွဲ၌ အင်းချခြင်းတို့ကို လုပ်ရလေသည်။ ဦးပဉ္စင်း၏ မြေအောက်လုပ်ငန်း၌ ကျွန်ုပ်ကား ဆက်သားဖြစ်လေသည်။

ဆက်သားပီပီ ပီယလက်ဖွဲ့လိုချင်သော အင်္ဂလိပ်ကျောင်းသား လူပျိုတစ်ယောက်က ကျွန်ုပ်အား ကပ်၏။ ကျွန်ုပ်လည်း အခွင့်အလမ်းကို ကြောင်ကြွက်ချောင်းသလို ချောင်းနေသူဖြစ်ရာ ညတိုင်း နာရီဝက်ခန့် ကျွန်ုပ်အား အင်္ဂလိပ်စာသင်ပေးလျှင် စပယ်ရှယ် ပီယလက်ဖွဲ့ စလွယ်ကိုပင်ရစေမည်ဟု ဆိုလိုက်၏။ ဦးပဉ္စင်းကိုလည်း သူတိတ်တဆိတ် အဝယ်ခိုင်းသော မိုင်းကိုင်စက္ကူ၊ ကမ္မဝါကြေးပြားများကို ဝယ်ယူရှာဖွေပေးရင်း ပီယလက်ဖွဲ့ စလွယ်တစ်ကုံး အထိုးခိုင်းရ၏။ အတိုရေးရလျှင် ကျွန်ုပ်မှာ အင်္ဂလိပ်ကျောင်းသားထံ၌ ညပိုင်း ဘုရားဝတ်တက်အပြီးတွင် နာရီဝက်ခန့် ပြေး၍ ပြေး၍ သင်ခြင်းဖြင့်လည်းကောင်း၊ အင်္ဂလိပ်သင်ခန်းစာ စာအုပ်များကို ညအခါတွင် ဦးပဉ္စင်းများ ကုဋီဆင်းရာ၌ သုံးသည့် ကျားမျက်လုံးမီးအိမ်ဖြင့် ဘုရားခန်းမှခွာထားသော ဖယောင်းချပ်များကို ဖယောင်းတိုင်သွန်း၍ထွန်းကာ ဖတ်ရှုလေ့လာခြင်းအားဖြင့်လည်းကောင်း တစ်နှစ်ခန့်အကြာတွင် အင်္ဂလိပ်စာကို စာလုံးပေါင်းမှန်မှန် ဖတ်တတ်သောအခြေသို့ရောက်ခဲ့၏။

ကျွန်ုပ် အင်္ဂလိပ်စာအနည်းအကျဉ်းတတ်မြောက်နေကြောင်းကို ကျွန်ုပ်၏ဦးပဉ္စင်းမှလွဲ၍ မည်သူမျှမသိကြပေ။ သို့နှင့် တစ်နေ့သောအခါတွင် ကျွန်ုပ်တို့၏ကျောင်းသို့ ကြေးနန်းတစ်စောင်ရောက်လာ၏။ ကျွန်ုပ်ခပ်ငယ်ငယ် ဤခေတ်က သံကြိုးစာကို ဖတ်တတ်သောသူသည် အတော်ဟုတ်သောသူဟူ၍ လူတိုင်းချီးမွမ်းကြရသော အင်္ဂလိပ်စာတတ်သူ ရှားပါးသေးသည့်ခေတ်ဖြစ်၏။ ထို့ကြောင့် ကြေးနန်းစာရောက်လာသောအခါ၌ ဆရာတော်က ကြေးနန်းစာကို ဖတ်ပြမည့် အင်္ဂလိပ်ကျောင်းသားတစ်ယောက်ကို အခေါ်လွှတ်ရန် ကျွန်ုပ်၏ ဦးပဉ္စင်းအားခိုင်း၏။ ဤတွင် ကျွန်ုပ်၏ဆရာ ဦးပဉ္စင်းက "ငကောင်း အင်္ဂလိပ်စာသင်တာ အတော်ကလေးတတ်နေပြီဘုရာ့ . . . ငကောင်းကို အဖတ်ခိုင်းကြည့်စမ်းပါလားဘုရား"ဟု လျှောက်ထားလိုက်ရာ ကျွန်ုပ်မှာ ဆရာတော်ကြီး၏ ရှေ့သို့ ဝင်ရလေတော့သည်။

ဆရာတော်ကြီးကား ငယ်ကြောက်လည်းဖြစ်၊ စိတ်ထက်မြက်သော ကိုယ်တော်ကြီးလည်းဖြစ်သောကြောင့် ကျွန်ုပ်မှာ ရင်တထိတ်ထိတ် ဖြင့်ပင် ရှိနေရပေသည်။

"ဟဲ့ . . . ငကောင်း နင် သံကြိုးစာဖတ်တတ်တယ်ဆို" ဟု ဆရာတော်ကြီးက အမေးတွင် လက်အုပ်ကလေးချီလျက်သား တုန်၍နေသော ကျွန်ုပ်မှာ အဖြေပါးစပ်ဖျားသို့ တစ်၍နေပေသည်။ အခန့်သင့်ပင် ဦးပဉ္စင်းက ကြေးနန်းစာရွက်ကို ထိုးပေးလိုက်သဖြင့် ကျွန်ုပ်လည်း ကြေးနန်းစာကို မနည်းကြီး အားခဲ၍ ဖတ်လိုက်ရ၏။ ကြေးနန်းစာမှာ လွယ်လွယ်ပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ ဆရာတော်ကြီးပါဝင်သော သံဃာဂိုဏ်းမှ ဂိုဏ်းချုပ်ဆရာတော်ကြီး ကျွန်ုပ်တို့၏ကျောင်းသို့ နောက်သုံးရက်အကြာ မွန်းလွဲပိုင်း၌ ကြွရောက်လာမည့်အကြောင်းဖြစ်နေ၏။

ကျွန်ုပ်လည်း ကျွန်ုပ်ဖတ်နိုင်သောအရည်အချင်း နယ်နိမိတ်အတွင်း၌ သံကြိုးစာသားရှိနေသဖြင့် သံကြိုး၌ပါသောအကြောင်းကို ဘာသာပြန်၍ လျှောက်ထားလိုက်ရ၏။ ထိုအခါ ဆရာတော်ကြီးသည် ကျွန်ုပ်အား အံ့အားသင့်ကာ ကြည့်၍နေပေသည်။ ပြီးမှ "အိမ်း . . . ငကောင်းကို ထန်းလျက်ဖြူဆုပ်သုံးလုံးပေးလိုက်"ဟု မိန့်တော်မူ၏။ ကျွန်ုပ်လည်း ဝတ်ချ၍ ဆရာတော်၏ကျောင်းပေါ်မှ ဆင်းခဲ့ရပေသည်။ ကျက်သရေခန်းမှ ထန်းလျက်ဖြူဆုပ်သုံးလုံးကို သောဘဖွင့်ကာယူ၍လာပေးသော ကျွန်ုပ်၏ဆရာ ဦးပဉ္စင်းကား တပြုံးပြုံးနှင့် တပည့်ကျွန်ုပ်အတွက် ဂုဏ်အတော်မြောက်၍နေဟန်တူပေသည်။

ဆက်လက်ဖော်ပြပါမည်။

## ပန်းဘဲတန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကျင်းပ

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် ပန်းဘဲတန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့် ပြပွဲပြိုင်ပွဲများကို မေလ ၉ ရက်က အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေ့ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိမြတ်က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ခြင်းဖြင့်ရရှိလာမည့်အကျိုးကျေးဇူးများ၊ စာဖတ်ပုံ၊ စာဖတ်နည်းနှင့် လွယ်ကူစွာဖတ်မှတ်လေ့လာနိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ မိမိတို့၏ကိုယ်ပိုင်အားလပ်ချိန်များတွင် အလွယ်တကူစာပေဖတ်ရှုလေ့လာနိုင်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေး မြင့်မားလာစေရန်နှင့် စာဖတ်ခြင်းမှရရှိသောအကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်းဟောပြောသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန် စကားပုံဆက်ပြိုင်ပွဲနှင့်ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

## သာကေတမြို့နယ်အတွင်းရှိ ရေစုကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်အတွင်းရှိပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန်ရည်ရွယ်၍ ရေစုကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းကို မေလ ၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြကြိုင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဒုတိယဌာနမှူး ဒေါ်သဲ့နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ သာကေတမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့်ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သာကေတမြို့နယ် (၇/အရှေ့)ရပ်ကွက်ရှိ ဧရာဝဏ်ရေပေးဝေရေးစခန်း(၂)မှ ရေဂါလန်နှစ်သိန်းဆံ့ ရေစုကန်နှင့် (၁၀/တောင်) ရပ်ကွက်ရှိ ရေဂါလန်ငါးသောင်းဆံ့ ရေစုကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်းများ ဆောင်ရွက်သည်။



သာကေတမြို့နယ်အတွင်း သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရေစုကန်များအတွင်း ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဲထက်ဇင်(ပြန်/ဆက်)

# ၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့် စခန်းသိမ်းပွဲကျင်းပ





**ညောင်ရွှေ မေ ၁၀**

၂၀၂၆ ခုနှစ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း ဂုဏ်ပြုညစာစားပွဲနှင့်စခန်းသိမ်းပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးခေါင်တိုင်လူရည်ချွန်စခန်း မြက်ခင်းပြင်၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသန်းမောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူများ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဒသမတန်း ဘက်စုံပညာထူးချွန်ကျောင်းသား၊ ကျောင်းသူ လူရည်ချွန်မောင်မယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူရည်ချွန်မောင်မယ်နှင့် တာဝန်ရှိသူများအား Crystal Trophyနှင့် တိုင်းရင်းသားရိုးရာဝတ်စုံ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် လူရည်ချွန်မောင်မယ်များ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ညောင်ရွှေမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများကလည်းကောင်း၊ ကချင်ပြည်နယ် လူရည်ချွန်မောင်မယ်များက ဂျိန်ဖော့အက၊ ရှမ်းပြည်နယ်မှ လူရည်ချွန်မောင်မယ်များက ၂၀၁၉ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် သီချင်းပြိုင်ပွဲ ပထမဆုရသီချင်းတို့ဖြင့်လည်းကောင်း ကပြဖျော်ဖြေကာ ဒေသခံအဆိုတော်များက တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

● **ရှေ့ဖုံးမှအဆက်**

စစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့်အဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူရည်ချွန်မောင်မယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က စခန်းသိမ်းအောင်ပွဲ အမှာစကားပြောကြားသည်၊ ထို့နောက်တက်ရောက်လာကြသည့် ဧည့်သည်တော်များက လူရည်ချွန်မောင်မယ်များ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကောဒသမတန်း လူရည်ချွန်စခန်း(ငွေဆောင်) စခန်းသိမ်းအောင်ပွဲသို့တက်ရောက်ကြသည်၊ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က စခန်းသိမ်းအောင်ပွဲ အမှာစကားပြောကြားသည်၊ ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများထံသို့ လူရည်ချွန်စခန်း(ငွေဆောင်)စခန်းမှူး၊ တိုင်းဒေသကြီးပညာရေးမှူးက အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ လူရည်ချွန်မောင်မယ်များက လူရည်ချွန်စခန်း(ငွေဆောင်)စခန်းမှူး၊ တိုင်းဒေသကြီးပညာရေးမှူးထံသို့ အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ ငွေဆောင်ဟိုတယ်ဇုန်လုပ်ငန်းအသင်းက လူရည်ချွန်မောင်မယ်များထံသို့ အမှတ်တရလက်ဆောင်ပစ္စည်းများအား လည်းကောင်း အသီးသီးပေးအပ်ခဲ့ကြသည်။

ယင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် လူရည်ချွန်မောင်မယ်များနှင့်အတူ ဂုဏ်ပြုညစာများ အတူတကွသုံးဆောင်ကြပြီးနောက် မီးပုံပွဲအား မီးညှိဖွင့်လှစ်ပေးကာ လူရည်ချွန်မောင်မယ်များနှင့်အတူ မီးပုံပွဲတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်စခန်း(ချောင်းသာ)စခန်းသိမ်းအောင်ပွဲတွင် အမှာစကားပြောကြားစဉ်။

---

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား/သင်တန်းသူများ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တိုင်းသမိုင်းပြခန်းသို့လာရောက်လေ့လာ





အခြေခံလေကြောင်းလူငယ်သင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသား၊ သင်တန်းသူများ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တိုင်းသမိုင်းပြခန်းတွင် လေ့လာကြစဉ်။

**နေပြည်တော် မေ ၁၀**

ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်မောင်မယ်များကို နွေရာသီ ကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့်ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာစေရန်ရည်ရွယ်၍ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)အား ဧပြီလ ၂၇ ရက်နေ့မှစ၍ စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား၊ သင်တန်းသူများသည် ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တိုင်းသမိုင်းပြခန်းသို့ လာရောက်လေ့လာကြရာ တိုင်းသမိုင်းပြခန်းမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး သင်တန်းသား၊ သင်တန်းသူများ၏ သိရှိလိုသည်များမေးမြန်းမှုများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်းသတင်းရရှိသည်။ (၁၀၀)

# ပြင်ဦးလွင်လူရည်ချွန်စခန်း စခန်းသိမ်း မီးပုံပွဲကျင်းပ





ပြင်ဦးလွင် မေ ၁၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်လူရည်ချွန်စခန်း စခန်းသိမ်းမီးပုံပွဲ အောင်ပွဲအခမ်းအနားကို ယမန်နေ့ ည ၇ နာရီအချိန်က ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE-Falls) ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ နယ်မြေခံတပ်နယ်ရှိ အရာကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူရည်ချွန်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်လူရည်ချွန်စခန်း စခန်းသိမ်းအောင်ပွဲအထိမ်းအမှတ် မီးပုံးငယ်အလုံး ၁၀၀ လွှတ်တင်သည်။ ပြီးနောက် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်၊ လူရည်ချွန်မောင်မယ်များကိုယ်စား လူရည်ချွန်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက လူရည်ချွန်မောင်မယ်များအား ဒေသထွက်လက်ဆောင်များ အမှတ်တရပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်/တိုင်းအလိုက် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ကပြဖျော်ဖြေသည်၊ ထို့နောက်မီးပုံပွဲကျင်းပပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူရည်ချွန်ကြီးများနှင့် လူရည်ချွန်ကျောင်းသား၊ ကျောင်းသူတို့သည် မီးပုံပွဲအား လှည့်ပတ်ကာ ပျော်ပျော်ရွှင်ရွှင် သီချင်းများဆို၍ အခမ်းအနားကို ရုပ်သိမ်းပြီး ယနေ့နံနက် ၇ နာရီတွင် ပြင်ဦးလွင်လူရည်ချွန်စခန်းမှ လူရည်ချွန်မောင်မယ်များသည် မိမိတို့၏ သက်ဆိုင်ရာ စုရပ်စခန်းအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြပြီး တာဝန်ရှိသူများက လက်ပြနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

ပြင်ဦးလွင်ခရိုင်(ပြန်/ဆက်)

# ပခုက္ကူမြို့ရှိ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



ပခုက္ကူ မေ ၁၀

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် ယမန်နေ့နံနက်ပိုင်းက ပခုက္ကူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်ပြီးအမှာစကားပြောကြားကာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကထောက်ပံ့သည့် ဆန် ၄၀၂ အိတ်၊ ဆီ ၁၂၀၇ ပိဿာ၊ ကုလားပဲအိတ် ၅၀ တို့ကို နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့ထံ ထောက်ပံ့ပေးအပ်ပြီး ပခုက္ကူမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းအတွက် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပခုက္ကူပညာရေးဒီဂရီကောလိပ်၊ မဟာသရေစည်သူဦးဘခန်းမ၌ ဆရာ၊ ဆရာမများ၊ ပညာရေးနှင့်နည်းပညာဒီပလိုမာသင်တန်းအမှတ်စဉ် (၂/၂၀၂၆) သင်တန်းသား၊ သင်တန်းသူများနှင့်တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

**ဘာမီသာ(ပခုက္ကူ)**

# ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့်လူရည်ချွန်နှင့် ကောဒသမတန်း လူရည်ချွန်မောင်မယ်များ၏ (ချောင်းသာ၊ ငွေဆောင်) အပန်းဖြေလေ့လာရေးခရီးစဉ်ပြီးဆုံး



ငွေဆောင် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် (ချောင်းသာ၊ငွေဆောင်)မြို့တို့သို့ အပန်းဖြေလေ့လာရေးခရီး ရောက်ရှိနေကြသော ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့် လူရည်ချွန်၊ ကောဒသမတန်း လူရည်ချွန်မောင်မယ်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပန်းတနော်မြို့ရှိ Global Earth အား ဝင်ရောက်လေ့လာပြီး ရန်ကုန်စုရပ် ရပ်နားစခန်းသို့ ပြန်လည်ထွက်ခွာခဲ့ကြကြောင်း သိရသည်။

အဆိုပါ ၂၀၂၆ ခုနှစ် အဆင့်မြင့်ပညာအဆင့်လူရည်ချွန်မောင်မယ် ၂၉၁ ဦးနှင့် ကောဒသမတန်း လူရည်ချွန်မောင်မယ် ၁၃၃ ဦး စုစုပေါင်း ၄၂၄ ဦးတို့သည် မေလ ၆ ရက်တွင် (ချောင်းသာနှင့်ငွေဆောင်) လူရည်ချွန်စခန်းသို့ စတင်ရောက်ရှိခဲ့ကြကာ ငွေဆောင်ဒေသရှိ ဆင်စခန်း၊ ယုဇနပုစွန်မွေးမြူရေးစခန်း၊ငွေဆောင်ဈေးတန်းနှင့် ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်းဟာလဝါလုပ်ငန်း၊ ရွှေမြင်းပျံ ဟာလဝါလုပ်ငန်း၊ မြတ်ကျောင်းတော်ရိုးရာပုသိမ်ထီးလုပ်ငန်း၊Royal Lake အပန်းဖြေဥယျာဉ်တို့အပြင် ရွှေသောင်ယံမြို့ရှိ Sea & Lake နှင့် ချောင်းသာမြို့ဈေးတန်းတို့အား ဒေသန္တရဗဟုသုတရှာဖွေရန်နှင့် အပန်းဖြေလေ့လာရေးခရီးစဉ်များ သွားရောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် လူရည်ချွန်မောင်မယ်များသည် ယနေ့နံနက်ပိုင်းတွင် ချောင်းသာနှင့် ငွေဆောင်မြို့တို့မှ ပန်းတနော်မြို့သို့ ထွက်ခွာခဲ့ပြီး ပန်းတနော်မြို့ Global Earth ရှိ ငါးနှင့်ပတ်သက်သော စားသောက်ကုန်ပစ္စည်းထုတ်လုပ်ခြင်းနည်းပညာများ၊ ငါးမွေးမြူရေးလုပ်ငန်းနှင့်ငါးသားဖောက်လုပ်ငန်းအား လေ့လာခဲ့ကြသည်။ ဆက်လက်ပြီး ပန်းတနော်မြို့တွင် နေ့လယ်စာသုံးဆောင်ကာ ရန်ကုန်စုရပ် ရပ်နားစခန်းသို့ ထွက်ခွာပြီး စုရပ် ရပ်နားစခန်းမှ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မြို့တော်သန့်ရှင်းသာယာလှပရေး စည်ပင်သာယာရေးအဖွဲ့များနှင့်တွေ့ဆုံ၊ အတ္တရံရေသန့်စင်စက်ရုံ ကွင်းဆင်းကြည့်ရှု

မော်လမြိုင် မေ ၁၀

မွန်ပြည်နယ် မော်လမြိုင်မြို့ သန့်ရှင်းသာယာလှပစေရေးနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့အင်္ဂါရပ်နှင့်ကိုက်ညီရေးအတွက် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် အထူးအလေးထားဆောင်ရွက်ကြရန်၊ မြို့ပြသွင်ပြင်လက္ခဏာပေါ်လွင်ရေး၊ အများပြည်သူစိတ်ချမ်းမြေ့စွာ နေထိုင်သွားလာနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မော်လမြိုင်မြို့ အတ္တရံရေသန့်စင်စက်ရုံသို့ သွားရောက်၍အတ္တရံမြစ်ရေကို ရေတင်စက်များဖြင့်တွန်းပို့၍အဆင့်ဆင့် ရေသန့်စင်ဆောင်ရွက်လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ




**ပူတာအို မေ ၁၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပြည်သူ့အားကစားကွင်း၌ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းကကြီးမှူး၍ ၂၀၂၆ ခုနှစ် မြို့နယ် ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မေလ ၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကချင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံနှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘောလုံးဝါသနာရှင်မိဘပြည်သူများက အထက်ရှန်ဂေါ်ဘောလုံးအသင်းနှင့် ဆန်ဂေါ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြရာ ဆန်ဂေါ်ဘောလုံးအသင်းက အထက်ရှန်ဂေါ်ဘောလုံးအသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသား၊ အမျိုးသမီးဘောလုံးအသင်းများမှ အကောင်းဆုံးဆုရရှိသည့် အားကစားသမားများ၊ နှစ်သိမ့်ဆုရရှိသည့် ဘောလုံးအသင်းများ၊ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်အသင်းများကို တစ်ဦးချင်းလည်ဆွဲဆုတံဆိပ်နှင့်ငွေသားဆုများကို တာဝန်ရှိသူများက ပေးအပ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ ပူတာအိုမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ အမျိုးသားဘောလုံးအသင်း ၁၂ သင်း၊ အမျိုးသမီးဘောလုံးအသင်း လေးသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# နိုင်ငံ့သားကောင်းတာဝန်ကျေ ပြည်သူ့စစ်မှုထမ်းများ အလုပ်အကိုင်ရရှိရေး အသိပေးထုတ်ပြန်ချက်

၁။ နိုင်ငံတော်အစိုးရမှဖွဲ့စည်းပေးထားသည့် "စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ"အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခဲ့ပြီး သတ်မှတ်ကာလပြည့်မြောက်သဖြင့် နေရပ်အသီးသီးသို့ပြန်ကြမည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ကော်မတီသည် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေအသိအမှတ်ပြုလက်မှတ်ရရှိထားသည့် နိုင်ငံ့သားကောင်းများအနက်မှ သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်လိုသူများ၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပကုမ္ပဏီဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများနှင့် မိမိတို့ရပ်ရွာများတွင် ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်လိုသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ကျေပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများအနေဖြင့် သတ်မှတ်ကာလပြည့်မီစွာ တာဝန်ထမ်းဆောင်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန် အခက်အခဲများရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကာကွယ်ရေးဝန်ကြီးဌာန | - | ၀၆၇၃၄၀၄၆၃၄၊ |
| | | | ၀၆၇၃၄၀၄၆၃၅။ |
| (ခ) | စစ်ရေးချုပ်ရုံး | - | ၀၃၆၃၁၃၄၇။ |
| (ဂ) | အလုပ်သမားဝန်ကြီးဌာန | - | ၀၆၇၃၄၃၀၁၈၁၊ |
| | | | ၀၆၇၃၄၃၀၁၈၂။ |

**စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ**
**အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ**

# ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သည့် နေကြာရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် နေကြာ ၃၁၃၃၉ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စိုက်ပျိုးထားသောနေကြာစိုက်ခင်းများကို ဇန်နဝါရီလမှစတင်၍ ယနေ့အထိ ရိတ်သိမ်းကြရာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

စစ်ကိုင်းမြို့နယ်၌ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

နေကြာသီးနှံစိုက်ပျိုးသည့်တောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများကို ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးခဲ့သည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာ စိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး



**သနပ်ပင် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ကြီးမှူး၍ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် UID ကတ်ထုတ်ပေးခြင်းကို မေလ ၉ ရက် နံနက်ပိုင်းတွင် သနပ်ပင်မြို့နယ် ကမာစဲကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပဲခူးခရိုင်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သနပ်ပင်မြို့နယ်ဦးစီးမှူး ဦးမျိုးဝင်းအောင်တို့က ကြည့်ရှုပြီး ပြုလုပ်ပြီးသည့်နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူများ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

နိုင်ထွန်း

# သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲကျင်းပ



**မော်လမြိုင်ကျွန်း မေ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်ကျေးရွာရှိ တောင်သူဦးမြင့်ဇော်၏ လယ်မြေ သုံးဧက၌ ၂၀၂၆ - ၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ ( ပိုက်ဆန်လျှော် ) မျိုးစေ့ ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲ အခမ်းအနားကို မေလ ၁၀ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ပွဲတွင် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဟေမာန်ကျော်ဝင်းက ပိုက်ဆန်လျှော် မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာ ထက်သန်စေပြီး သွင်းအားစုဓာတ်မြေဩဇာလျှော့ချ သုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်လည်းသက်သာပြီး အထွက်နှုန်းပိုမိုရရှိကာ တောင်သူများဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီအဖွဲ့ဝင်များက ပိုက်ဆန်လျှော်မျိုးစေ့များကို တောင်သူများထံပေးအပ်ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)မျိုးစေ့များ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# ခရမ်းချဉ်သီးမှပေးသောကျန်းမာရေးအကျိုးကျေးဇူးများ

ခရမ်းချဉ်သီးကို ဟင်းချက်ရာတွင်ဖြစ်စေ၊ အသားများချက်ပြုတ်ရာတွင် အနှစ်ရစေရန်ဖြစ်စေ၊ ယိုပြုလုပ်၍ဖြစ်စေ၊ လက်ဖက်သုပ်တွင်ထည့်၍ဖြစ်စေ၊ တခြားသီးနှံများနှင့်ရောကြော်၍ဖြစ်စေ ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်စားသုံးကြသည်။ ခရမ်းချဉ်သီးကို ဟင်းလိမ္မာသီးဟုလည်း ခေါ်ဝေါ်ကြသည်။ ခရမ်းချဉ်သီးသည် Solanaceae မျိုးရင်းတွင်ပါဝင်ပြီး ရုက္ခဗေဒအမည်အနေဖြင့် Solanum Lycopersicum / Lycopersicon lycopersicum (L.) H. Karst./ Lycopersicon Esculentum Mill. ဟုခေါ်သည်။



### ခရမ်းချဉ်သီး၏ကျန်းမာရေးကောင်းကျိုးများ

ခရမ်းချဉ်သီး၏ အာဟာရဓာတ်များသည် ကိုယ်ခံအားကျန်းမာရေး၊ သွေးခဲစနစ်၊ ဆယ်လူလာအောက်ဆီဂျင်အသုံးချမှုနှင့် သွေးကြောကျဉ်းခြင်းတို့ကို ကာကွယ်ပေးနိုင်သည်။ ခရမ်းချဉ်သီးသည် အစာအိမ်အားကောင်းစေကာ နာကျင်မှုကို သက်သာစေပြီး Fetid ချွေးနံ့ဆိုးများကို ဖယ်ရှားပေးသည်ဟု သုတေသီပညာရှင်များကယုံကြည်ကြသည်။ ခရမ်းချဉ်သီး၏ Antioxidant ဂုဏ်သတ္တိများသာမက ရောင်ရမ်းခြင်းကိုဆန့်ကျင်ခြင်းနှင့် Hepatoprotective ကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။ တစ်နည်းအားဖြင့် ခရမ်းချဉ်သီးကို သဘာဝပဋိဇီဝပိုးသတ်ဆေးနှင့် အသည်းကို သန့်စင်ဆေးရည်ဟုပင်ခေါ်နိုင်ကြောင်း ဖော်ပြခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာဆေးဘက်ဆိုင်ရာစင်တာ ON CLINIC ၏အစာအိမ်အထူးကုဆရာဝန်၊ ဆေးသိပ္ပံဆရာဝန်၊ ပါမောက္ခ Vitaly Rumyantsev က ခရမ်းချဉ်သီးပျော့ဖတ်တွင် အမျှင်ကြမ်းပါဝင်သောကြောင့် ပုံမှန်အသုံးပြုခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ ကိုလက်စထရောနှင့် အဆိပ်အတောက်များကို ဖယ်ရှားပေးသည့်အတွက် အထူးအသုံးဝင်သည်ဟုဆိုသည်။

### အမြင်အာရုံကိုတိုးတက်ကောင်းမွန်စေနိုင်

ခရမ်းချဉ်သီးတွင် မြင်လွှာပျက်စီးခြင်း၊ မျက်စိအတွင်းတိမ်ဖြစ်ခြင်းမှ ကာကွယ်ပေးသည့် ဗီတာမင် – A နှင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေနိုင်သည့်အပြင် ညဘက်တွင် အမြင်အာရုံဝေဝါးခြင်းကို တားဆီးပေးသော ဗီတာမင်– C တို့ပါဝင်သောကြောင့် မျက်လုံးအတွက် အထူးကောင်းမွန်စေသည်။

### ကင်ဆာရောဂါကိုချေဖျက်ပေးနိုင်

ခရမ်းချဉ်သီးတွင် လိုင်ကိုပင်းဓာတ် (Lycopene) မြင့်မားစွာပါဝင်သည့်အပြင် ဗီတာမင်– C နှင့် ဗီတာမင် – A တို့လည်းပါဝင်သဖြင့် အစာအိမ်ကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာ စသည့် ကင်ဆာရောဂါအမျိုးမျိုးဖြစ်ပွားမှုနှုန်းကို လျှော့ချပေးနိုင်သည်။ ကင်ဆာရောဂါဖြစ်နှုန်းမှ ပိုမိုလျှော့ချနိုင်ရန် ခရမ်းချဉ်သီးနှင့်ချက်သောဟင်းလျာများတွင် သံလွင်ဆီကို ထည့်သွင်းအသုံးပြု၍ စားသုံးသင့်သည်။

### အသားအရေကြည်လင်စေနိုင်

ခရမ်းချဉ်သီးသည် Oxidative Stress ကို လျှော့ချပေးပြီး ဆဲလ်များပျက်စီးခြင်းမှ ကာကွယ်ပေးသည်။ ခရမ်းချဉ်သီးတွင် အနီရောင်ကိုဖြစ်စေသော ရောင်ခြယ်ပစ္စည်း Lycopene နှင့် ဘီတာကယ်ရိုတင်း (Beta-carotene) သည် UV နေလောင်ဒဏ်ကြောင့်ဖြစ်သော အသားအရေပျက်စီးမှုများ၊ အရေးအကြောင်းဖြစ်ပေါ်မှုများ၊ ဝက်ခြံနှင့်အမည်းစက်များကိုပါ သက်သာပျောက်ကင်းစေသည်။ ဗီတာမင်နှင့် သတ္တုဓာတ်များစွာပါဝင်သော ခရမ်းချဉ်သီးအနှစ်ကို အရေပြားပေါ်လိမ်းပေးပါက မွဲခြောက်နေသည့်အသားအရေကို ရေဓာတ်ဖြည့်တင်းပေးပြီး ပြန်လည်စိုပြည်လာစေမည်ဖြစ်သောကြောင့် ခရမ်းချဉ်သီးကို နေ့စဉ်ပုံမှန်စားသုံးပေးပါက အသားအရေကြည်လင်ဝင်းပလာစေမည်ဖြစ်သည်။

### သွေးတွင်းသကြားဓာတ်ကိုလျှော့ချပေးနိုင်

ခရမ်းချဉ်သီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်သောကြောင့် သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းမှ လျှော့ချပေးနိုင်ပြီး Chromium သည် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးသည်။ ခရမ်းချဉ်သီးတွင် ပါဝင်သည့် Antioxidant သည် သွေးလည်ပတ်မှုကိုကောင်းမွန်စေသည်။

### သွေးဖိအားကိုထိန်းညှိပေးနိုင်

ခရမ်းချဉ်သီးတွင် အနည်းငယ်သာပါဝင်သည့် ပိုတက်ဆီယမ်နှင့် ဆိုဒီယမ်ပမာဏများသည် ကိုလက်စထရောကို လျော့ကျစေပြီး သွေးဖိအားကိုထိန်းညှိပေးသည်။ Lycopene သည် LDL ကိုလက်စထရောဓာတ်တိုးခြင်းကို တားဆီးပေးသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။

### ဆီးကျောက်တည်ခြင်းကိုကာကွယ်ပေးနိုင်

ခရမ်းချဉ်သီးတွင် ရေဓာတ်များစွာပါဝင်သည့်အတွက် အစိမ်းလိုက်စားသုံးပေးပါက ဆီးကျောက်ဖြစ်ခြင်းများကိုလည်း ကာကွယ်ပေးနိုင်သည်။

### အဆုတ်ကိုကျန်းမာစေနိုင်

ခရမ်းချဉ်သီးကို တစ်နေ့တစ်လုံး ပုံမှန်စားသုံးပေးပါက အဆုတ်ကိုကျန်းမာစေသောကြောင့် ဆေးလိပ်သောက်သုံးသူများသည် ခရမ်းချဉ်သီးကို နေ့စဉ်ပုံမှန်စားသုံးသင့်သည်။

### အရိုးများကိုသန်မာစေနိုင်

ခရမ်းချဉ်သီးတွင်ပါဝင်သည့် ဗီတာမင် –K နှင့် ကယ်လ်စီယမ်ဓာတ်သည် ခန္ဓာကိုယ်ရှိ အရိုးများနှင့်သွားများကို ကျန်းမာစေသည်။ အရိုးပွခြင်း၊ အရိုးကျိုးခြင်းနှင့် ခန္ဓာကိုယ်ရှိ အကြောအဆစ်များတွင် နာကျင်ခြင်းတို့မှ ကာကွယ်ပေးနိုင်ပြီး အထူးသဖြင့် ကယ်လ်စီယမ်ပါဝင်မှုကြောင့် အကြောတက်ခြင်းမှ ကင်းဝေးစေသည်။

### နာတာရှည်ရောဂါများကိုသက်သာစေနိုင်

ခရမ်းချဉ်သီးဖျော်ရည်ကို နေ့စဉ်သောက်ပေးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုကိုဖြစ်စေသော TNF – Alpha ဟူသည့်ဓာတ်တစ်မျိုးကို ၃၄ ရာခိုင်နှုန်းခန့် လျှော့ချပေးနိုင်သည့်အပြင် နှလုံးရောဂါ၊ အရိုးပွရောဂါ၊ ကင်ဆာနှင့် အယ်လ်ဇိုင်းမားရောဂါ ခံစားနေရသူများအနေဖြင့် ခရမ်းချဉ်သီးကို မဖြစ်မနေစားသုံးရန်လိုအပ်သည်။ ခရမ်းချဉ်သီးသည် ပိုတက်ဆီယမ်ပါဝင်မှုမြင့်မားသောကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါ၊ ဂေါက်ရောဂါနှင့် အဆစ်အမျက်ရောင်ရောဂါများအတွက် ပုံမှန်စားသုံးသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

### ကိုယ်အလေးချိန်လျှော့ကျစေနိုင်

ခရမ်းချဉ်သီးတွင် အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး ရေဓာတ်ပါဝင်မှုမြင့်မားသည့်အတွက် မလိုအပ်သောကယ်လိုရီများမပါဘဲ ဗိုက်ကိုပြည့်တင်းစေနိုင်သောကြောင့် ကိုယ်အလေးချိန် လျှော့ချနေသူများအနေဖြင့် ခရမ်းချဉ်သီးကိုအစိမ်းဖြစ်စေ သို့မဟုတ် အသုပ်ထဲတွင် ထည့်စားခြင်းဖြစ်စေ နေ့စဉ်စားပေးသင့်သည်။

ခရမ်းချဉ်သီးသည် ဗီတာမင်– PP မြင့်မားစွာပါဝင်မှုကြောင့် နီကိုတင်းဓာတ်ဆာလောင်မှုကို ပိုမိုလွယ်ကူစွာခံနိုင်ရည်ရှိစေပြီး ဆေးလိပ်သောက်ခြင်းကို တိုက်ဖျက်ရာတွင် အထောက်အကူတစ်မျိုးဖြစ်နိုင်သည်။ ခရမ်းချဉ်သီးကို နို့တိုက်မိခင်များစားသုံးရန် ခွင့်ပြုထားသော်လည်း သတိပြုစရာတစ်ခုအနေဖြင့် ကလေးမွေးဖွားပြီးနောက် လေးလထက်မစောဘဲ ဆရာဝန်များက အသီးအနှံများကို အစားအသောက်ထဲသို့ ဖြည်းဖြည်းချင်းထည့်စားရန် အကြံပြုထားပါသည်။ ချက်ပြုတ်၊ သုပ်ထားသော ခရမ်းချဉ်သီးအနည်းငယ်ကိုစားပြီးနောက် နှစ်ရက်မှသုံးရက်အတွင်း ကလေး၏တုံ့ပြန်မှုကိုကြည့်ရှု၍ ပုံမှန်ရှိပါက အသီးအရွက်များကို ဆက်လက်စားသုံးနိုင်ပြီး ပမာဏကို ဖြည်းဖြည်းချင်းတိုးနိုင်ပါသည်။ ခရမ်းချဉ်သီးကို ၈–၁၀ လမှ ကလေးများ၏အစားအစာတွင် ထည့်သွင်းကျွေးမွေးနိုင်သည်။ သက်ကြီးရွယ်အိုများအတွက် ခရမ်းချဉ်သီးဟင်းလျာများသည် အထူးအသုံးဝင်ပြီး ယင်းတွင်ပါရှိသောအရာများသည် သွေးကြောများတွင် အဆီလွှာများဖြစ်ပေါ်ခြင်းကို တားဆီးပေးသည်။ ရိုးရာဆေးပညာတွင် ခရမ်းချဉ်သီးဖျော်ရည်ကို အနာများသက်သာပျောက်ကင်းစေသည်ဟုဆိုကြသည်။

### သတိပြုသင့်

အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါများတွင် ခရမ်းချဉ်သီးကို သတိထားအသုံးပြုသင့်သည်။ ယင်းတွင်ပါဝင်သော အမျှင်ဓာတ်ကြမ်းသည် အစာအိမ်ရောင်ခြင်းနှင့် အနာများကို ပိုမိုဆိုးရွားစေနိုင်သည်။ အူသိမ်ထဲတွင်ဖြစ်သောအနာ (Duodenal Ulcer) နှင့် ဓာတ်မတည့်မှုများကြောင့် ခရမ်းချဉ်သီးကို လုံးဝမစားသင့်ပါ။ ထို့ပြင် ခုခံအားကျစေသောကလေးများနှင့် လူကြီးများတွင် ခရမ်းချဉ်သီးနှင့်ဓာတ်မတည့်မှုတွေ့ကြုံရနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် ခရမ်းချဉ်သီးသည် ဗီတာမင်–A၊ ဗီတာမင်–C၊ Lycopene၊ ပိုတက်ဆီယမ်နှင့် အမျှင်ဓာတ်များကြွယ်ဝသောကြောင့် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ အသားအရေခြောက်သွေ့ခြင်း၊ မျက်လုံးအားနည်းခြင်း၊ အရိုးပါးခြင်း၊ ဆီးချို၊ သွေးချိုရောဂါနှင့် ကင်ဆာရောဂါတို့ကို ကာကွယ်ချေဖျက်ပေးနိုင်သည့်အပြင် ကိုယ်အလေးချိန်ကိုပါ လျှော့ကျစေနိုင်သောကြောင့် လူတိုင်းစားသုံးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

# ပုသိမ်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ



ပုသိမ် မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ဆွေဆွေ၏ ပြောကြားချက်အရ သိရသည်။

ပုသိမ်မြို့နယ်၌ ယခုနှစ် မေလပထမပတ်မှ လက်ရှိအချိန်ထိ ဈေးကွက်အတွင်း ငါးကွမ်းရှပ်ခြောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေခြင်းဖြစ်သည်။

"ဒီလထဲမှာ ငါးကွမ်းရှပ်ခြောက်တွေ အဝယ်လိုက်နေပါတယ်။ ဒေသဈေးကွက်မှာ တခြားငါးခြောက်တွေနဲ့ယှဉ်ရင် ငါးကွမ်းရှပ်ခြောက်က ပိုပြီးအရောင်းအဝယ်ကောင်းနေပါတယ်။ အခု ဈေးကွက်အတွင်းမှာ ပုံမှန်ထက်ပိုပြီး ငါးကွမ်းရှပ်ခြောက် အရောင်းအဝယ်သွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ၊ ငါးခြောက်လုပ်ငန်းနဲ့ဆက်စပ်သူတွေ အလုပ်အကိုင်အဆင်ပြေနေပါတယ်" ဟု ဒေါ်ဆွေဆွေကပြောသည်။

ပုသိမ်မြို့နယ်၌ ငါးခြောက်အမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူများသည် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ရေထွက်ကုန်ပစ္စည်းအမျိုးမျိုး၊ ပုစွန်အမျိုးမျိုးနှင့် ကဏန်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်နှင့် ဝယ်ယူလိုသည့်ဒေသများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**သုတကျော်**

# မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့ မီးငြိမ်းသတ်ခြင်းများ လေ့ကျင့်ဆောင်ရွက်



ဟင်္သာတ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ ပဒေသာဈေးနှင့်ငွေဝင်းဈေးတို့၌ စည်ပင်သာယာရေးအဖွဲ့ ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက မေလ ၁၀ ရက် နံနက်ပိုင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း ၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လက်တွေ့သရုပ်ပြ စုပေါင်းဇာတ်တိုက်လေ့ကျင့်ခြင်းများဆောင်ရွက်ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဥက္ကာ ဦးဆောင်သည့်တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်၊ ဈေးကော်မတီဝင်များစသည့် ပူးပေါင်းအဖွဲ့များဖြင့် ဈေးသူ၊ဈေးသားများနှင့် မိဘပြည်သူများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ဈေးအတွင်းဆိုင်ခန်းများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လျှပ်စစ်ဝိုင်ယာကြိုးများစစ်ဆေးခြင်း ၊ မီးသတ်ရေကန်များနှင့် မီးသတ်ပိုက်ခေါင်းများ၊ရေစုပ်စက်၊ ရေတင်စက်များကို အသင့်အသုံးပြုနိုင်ရေးအတွက် တာဝန်ရှိသူများက လိုက်လံစစ်ဆေးပြီး သက်ဆိုင်ရာအဖွဲ့များနှင့် ဈေးများအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးတို့အား သရုပ်ပြဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြောင်းသိရသည်။

**ခရိုင်ပြန်/ဆက်(ဟင်္သာတ)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြော

လားရှိုး မေ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးခန်းမ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကို မေလ ၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ လားရှိုးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းနေလှိုင်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမင်းမင်းစံက အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ညှဉ်းပန်းနှိပ်စက်မှုများ၊ ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ အကြမ်းဖက်မှုများအကြောင်းနှင့် တိုင်ကြားနိုင်သည့်နည်းလမ်းများ၊ ဥပဒေအရအရေးယူနိုင်သည်များအား ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေးဟောပြောသည်။

ထို့နောက်ဟောပြောပွဲတက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးစီးအရာရှိ ဒေါ်အေးမင်းမင်းစံက ပြန်လည်ဖြေကြားဆွေးနွေးပေးကြောင်းသိရသည်။

**လူမော် (ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်



မောက်မယ် မေ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်အတွင်း၌ မိုးဦးကာလတွင်ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းကိုက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ပိုးလောက်လမ်းမှအစ ခြင်ပေါက်ပွားမှုမရှိစေရေးအတွက် မေလ ၉ ရက်မှ စတင်၍ ဈေးတန်းရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းစီမံချက်များ အရှိန်အဟုန်မြှင့်ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များပူးပေါင်းအဖွဲ့က အိမ်တိုင်းတွင်ထားရှိသော ဘုရားပန်းအိုးများ၊ မိုးရေများတင်ကျန်နိုင်သည့် တာယာခွံ၊ ရေအိုးဟောင်းများနှင့် ဘူးခွံများတွင်ရေများမရှိစေရေး၊ အိမ်ခြံဝင်းအတွင်းရှိအမှိုက်များ၊ ချုံနွယ်ပေါင်းမြက်များရှင်းလင်းစေခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်စေခြင်း၊ ပိုးလောက်လမ်းကင်းအောင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ကျန်းမာရေးဝန်ထမ်းများက အသိပညာပေးဟောပြောကြောင်းသိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**

# မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)စိုက်ပျိုး

မြိတ် မေ ၁၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်မြေအသုံးချရေးဌာနမှ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက်သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)စိုက်ပျိုးခြင်းကို မေလ ၁၀ ရက် နံနက်ပိုင်းတွင် မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ကျွဲကူးစံပြကျေးရွာ၌ဆောင်ရွက်ကြောင်း သိရသည်။

သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ပျိုးရာတွင် မြိတ်မြို့နယ်အတွင်းရှိပန်းတိုင်အထွက်နှုန်းရရှိရေးစံပြကျေးရွာဖြစ်သော ကျွဲကူးကျေးရွာရှိ အကျိုးဆောင်တောင်သူများ၏ လယ်မြေများ၌ ပိုက်ဆန်လျှော်မျိုးစေ့များကို စိုက်ပျိုးကြသည်။

ထို့နောက် အကျိုးဆောင်တောင်သူများအား နိုင်ငံတော်အစိုးရသစ်၏ ရက် ၁၀၀ စီမံကိန်းအရ ဓာတ်မြေဩဇာသုံးစွဲမှုလျှော့ချ၍ သဘာဝမြေဩဇာများ ပြုလုပ်အသုံးပြုရန်နည်းလမ်းများကို ခရိုင်မြေအသုံးချရေးဌာနမှ ဦးစီးအရာရှိဒေါ်တင်မိုးအေးက အသိပညာပေးဆွေးနွေးပြောကြားရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြကြောင်း သိရသည်။

(၄၁၂)

## နိုင်ငံ့သားမွန် လူရည်ချွန်များ

❖ အများထက်တော် လွန်ထင်ရှား
မြင့်မားတဲ့ သူ့ဂုဏ်အင်။
ဗလငါးတန် လွန်ပြည့်ဝ
ရှိကြသည်တွင်။
သူ့ပုံရိပ် သူ့အသွင်
ကြည့်မြင်လျှင် ဘဝင်အေး။
လူရည်ချွန်မောင်မယ်များ
အားကျတယ်လေး။

❖ ပညာဆိုသည် မြတ်ရွှေအိုး
ကြိုးစားလို့ သင်ယူပါ။
လူငယ်တွေ နောင်တစ်ခေတ်
ခေါင်းဆောင်ဖြစ်မှာ။
ပြည့်ဝတဲ့ အရည်အချင်းဟာ
ဘဝတာ လိုအပ်ချက်။
နိုင်ငံတော် အနာဂတ်အရေး
တွေးဆမျှော်လျက်။

❖ လူရည်ချွန် အပန်းဖြေစခန်း
ပြည်တစ်ဝန်း ရှုကြည့်လျှင်။
ပြည်သူတွေ ကြိုလက်ကမ်း
အေးချမ်းပျော်ရွှင်။
ဗဟုသုတ များစုံလင်
ပတ်ဝန်းကျင် လေ့လာကြည့်။
ရေမြေတောတောင် သဘာဝ
လှပပါ၏။

❖ လူငယ်ဆိုသည် အနာဂတ်လမ်း
ရည်မှန်းချက် ကိုယ်စီပင်။
ကြိုးစားလျှင် လွန်ထွန်းပေါက်
ရောက်ကြအစဉ်။
ဖွဲ့လုံ့လနှင့် ဝီရိယတွင်
ထာဝစဉ် ရိုးသားမှု။
မြတ်ပညာ ရတနာပန်း
လန်းဆန်းအောင်ပြု။

❖ လူရည်ချွန် မောင်မယ်များ
စိတ်ထားက ဖြူစင်သည်။
အတွေ့အကြုံ ဗဟုသုတ
ပြည့်ဝပေပြီ။
နိုင်ငံ့ကောင်းကျိုး သယ်ပိုးမည်
မျှော်မှန်းရည် စွမ်းဆောင်ပေး။
လူရည်ချွန် မောင်မယ်ထုကို
ဂုဏ်ပြုတယ်လေး။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အထူးပြပွဲနောက်ဆုံးနေ့ လေ့လာကြည့်ရှုသူများအထူးစည်ကား

ရန်ကုန် မေ ၁၀

**ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ်အထူးပြပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးပတ်လမ်း၌ မေလ ၃ ရက်မှ ၁၀ ရက်အထိ အများပြည်သူလာရောက်လေ့လာနိုင်ရန် ပြသခဲ့သည်။**

**ယနေ့သည် နောက်ဆုံးနေ့၊ အများပြည်သူရုံးပိတ်ရက်ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ကျောင်းတိုက်များမှ ရဟန်းသံဃာတော်များ၊ သီလရှင်စာသင်တိုက်များမှ သီလရှင်များ၊ သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ တပ်ရင်း/ တပ်ဖွဲ့ များမှ မိသားစုဝင်များ၊ တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ၊ မရမ်းကုန်း၊ မြောက်ဥက္ကလာပ၊ လှိုင်၊ သန်လျင်၊ ခရမ်း၊ သာကေတ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရွှေပေါက်ကံမြို့နယ်တို့မှ လာရောက်ကြည့်ရှုသူပြည်သူအများ အထူးစည်ကားလျက်ရှိရာ ပြပွဲနှင့်ပတ်သက်၍ ရှုမြင်သုံးသပ်မှုသဘောထားအမြင်များကို ကောက်နုတ်ဖော်ပြအပ်ပါသည်။**

### အရှင်ဝီရိယ၊ ရှင်မတောင် သရက္ခန်ကျောင်း၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ဆဋ္ဌသင်္ဂါယနာတင် နှစ်(၇၀)ပြည့် အထိမ်းအမှတ်ပြပွဲမှာ ဆဋ္ဌသင်္ဂါယနာ




အရှင်ဝီရိယ

တင်ရာ သမိုင်းဝင်နေရာနဲ့ သာသနာ့သမိုင်း အသေးစိတ် အကြောင်းအရာတွေကို လေ့လာလိုက်ရတဲ့အတွက် လူငယ်တွေ တော်တော်များများသိသွားတယ်၊ သာသနာအတွက်၊ နိုင်ငံအတွက်၊ မျိုးဆက်သစ်လူငယ်တွေအတွက် အလွန်အကျိုးကျေးဇူးကြီးပါတယ်။ ဒီကနေ့ ကမ္ဘာ့အနေအထားအရ တင်းမာမှုတွေ၊ ခံစားချက်တွေသိပ်ပြီး များနေတဲ့အချိန်မှာ ဗုဒ္ဓရဲ့အဆုံးအမတွေကို သိရှိလိုက်နာကြမယ်ဆိုရင် မြန်မာပြည်အပါအဝင် တစ်ကမ္ဘာလုံး ငြိမ်းချမ်းလာမှာဖြစ်ပါတယ်။

အိန္ဒိယက သာသနာစတင်ထွန်းကားခဲ့ပေမယ့် မြန်မာနိုင်ငံလိုမျိုး ပရိယတ္တိ၊ ပဋိပတ္တိ အပြည့်အစုံမရှိတော့ဘူး။ မြန်မာနိုင်ငံမှာ သင်္ဂါယနာ နှစ်ကြိမ်တင်ခွင့်ရခဲ့တယ်၊ နှစ်ကြိမ်စလုံး တန်ဖိုးဖြတ်လို့မရဘူး။ ဘုန်းကံရှိတဲ့ တိုင်းပြည်နဲ့ ဘုန်းကံရှိတဲ့ ဒေသမှာ ဘုန်းကံရှိတဲ့ ပုဂ္ဂိုလ်တွေ ဦးဆောင်နိုင်စွမ်းရှိလို့ သာသနာကြီး တည်တာပါ။ ဒါက သာသနာတော်အတွက် အလွန်အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာတွေဖြစ်ပါတယ်။ နောင်လာနောက်သားတွေအတွက် အဖိုးမဖြတ်နိုင်တဲ့ အမွေအနှစ်တွေ ဖြစ်ပါတယ်။



### ဦးစိန်လင်း၊ ညွှန်ကြားရေးမှူး၊ သာသနာ့ရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ၊ သာသနာရေးဦးစီးဌာန

ပဉ္စမသင်္ဂါယနာနဲ့ ဆဋ္ဌသင်္ဂါယနာကို မြန်မာနိုင်ငံမှာ ကျင်းပခဲ့တာဖြစ်လို့ မြန်မာနိုင်ငံသား ရဟန်းရှင်လူပြည်သူတွေအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးတွေရရှိခဲ့ပါတယ်။ သင်္ဂါယနာ



ဦးစိန်လင်း

အဆင့်ဆင့်တင်လာတဲ့ အကျိုးဆက်တွေကြောင့် ထေရဝါဒနိုင်ငံအနေနဲ့ ဆဋ္ဌမူအဖြစ် သာသနာတော် ထွန်းကားပြန့်ပွားရေးကို ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရရင် ဒီဆဋ္ဌသင်္ဂါယနာနှစ်(၇၀)ပြည့်အောင်ပွဲက ပရိယတ္တိစာပေဆိုင်ရာသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွေအနေနဲ့ သာသနာတော်ကို ကမ္ဘာတည်သရွေ့ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားမှာဖြစ်ပါတယ်၊ ဒီဆဋ္ဌသင်္ဂါယနာ နှစ်(၇၀)ပြည့်အောင်ပွဲကို နိုင်ငံတော်အကြီးအကဲတွေရဲ့မျှော်မှန်းမှု သာသနာအတွက် အထင်ကရဖြစ်တာကြောင့် ကျင်းပဖို့ ကုသိုလ်စိတ်တွေနဲ့ စီစဉ်ဆောင်ရွက်ခဲ့ပါတယ်။ သဘာပတိဆရာတော်တွေရဲ့ အမေးအဖြေတွေက လွန်ခဲ့တဲ့နှစ် (၇၀)ပြည့်က ပုံရိပ်တွေကို ပြန်လည်ထင်ဟပ်စေပြီး ကြည်ညိုစရာ ကြည်နူးကုသိုလ်သဒ္ဓါတရားပွားရပါတယ်။




ဦးတင်သိန်း

ရဟန်းရှင်လူ ပြည်သူအများလည်း ထပ်တူ ရရှိလိမ့်မယ်လို့ ယုံကြည်ပါတယ်။

### ဦးတင်သိန်း ညွှန်ကြားရေးမှူး၊ စာမေးပွဲဌာနခွဲ ၊ သာသနာရေးဦးစီးဌာန

ကျွန်တော်တို့သာသနာရေးဦးစီးဌာနက နေ့စဉ်ပြခန်းတွေမှာ တာဝန်ချထားပြီး ပြကွက်တစ်ကွက်ချင်းစီအလိုက် ရဟန်းရှင်လူပြည်သူတွေကို ရှင်းလင်းပြသပေးပါတယ်၊ ရဟန်းရှင်လူပြည်သူအများလည်း အားတက်သရော ကြည်ညိုသဒ္ဓါပွားတဲ့အတွက် ပီတိဖြစ်ရပါတယ်။ ဗုဒ္ဓသာသနာတော်ကြီး နေလိုလလိုထွန်းလင်းတောက်ပပြီး အများပြည်သူတွေ ကြည်ညိုသဒ္ဓါတရားပွားများခွင့်ရတဲ့အတွက် အလွန်ဝမ်းသာပီတိဖြစ်ရပါတယ်။

### ကိုစိုးဝေလွင်၊ မရမ်းကုန်းမြို့နယ်

မြန်မာနိုင်ငံမှာ သင်္ဂါယနာတင်ခဲ့တဲ့ သမိုင်းဝင်နေရာနဲ့ အချက်အလက်ပြခန်း






ကိုစိုးဝေလွင်

ပြကွက်တွေက တန်ဖိုးမဖြတ်နိုင်တဲ့ အတွေ့အကြုံတွေ၊ ဗဟုသုတတွေ အများကြီးရတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ ဒီလိုပြပွဲတွေ ပြသပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။

### ဒေါ်ဆုနှယ်ဝင်း ဒဂုံဆိပ်ကမ်းမြို့နယ်

စာပေထဲမှာဖတ်ရတာက ဆဋ္ဌသင်္ဂါယနာတင်ခဲ့တဲ့ ကမ္ဘာအေးကုန်းမြေက ပထမသင်္ဂါယနာတင်ခဲ့တဲ့ အိန္ဒိယနိုင်ငံက သတ္တပဏ္ဏိလိုဏ်ဂူနဲ့ ပုံစံတူတည်ဆောက်ထားတာဖြစ်တဲ့အတွက် ကျွန်မတို့အနေနဲ့ ပထမသင်္ဂါယနာကို မမီခဲ့သလို၊ အိန္ဒိယနိုင်ငံကို မသွားရောက်နိုင်သေးတဲ့အတွက် ဒီဆဋ္ဌသင်္ဂါယနာတင်လိုဏ်ဂူကြီးက ပထမသင်္ဂါယနာကိုပါ အမှတ်ရစေပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ်(၇၀)ပြည့်အထိမ်းအမှတ်အခမ်းအနားမှာ ဆရာတော်ကြီး



ဒေါ်ဆုနှယ်ဝင်း

တွေ ဆဋ္ဌသင်္ဂါယနာတင်တာကို ကျွန်မတို့ ကြည်ညိုခွင့်ရခဲ့တယ်။ ခေတ်အဆက်ဆက်တင်ခဲ့သမျှသင်္ဂါယနာမှာ ကျွန်မတို့ မမီခဲ့ဘူး။ စာပေကနေတစ်ဆင့်ပဲ လေ့လာခဲ့ရတယ်။ အခု ဆရာတော်ကြီးတွေ သင်္ဂါယနာတင်တာ ဒီလိုပါလားဆိုပြီး ကြည်ညိုခွင့်၊ နာယူခွင့်ရတယ်။ အခုလို လာရောက်လေ့လာခွင့်ရတဲ့အတွက် ဗဟုသုတအများကြီးရပါတယ်။

(သတင်းအဖွဲ့)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°c | / | ၃၀°c |
| ရန်ကုန် | ၂၃°c | / | ၃၁°c |
| မန္တလေး | ၂၂°c | / | ၃၂°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၆ ခုနှစ် ဝန်ကြီးချုပ်ဖလား (အမျိုးသား/ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ



**မြစ်ကြီးနား မေ ၁၀**

၂၀၂၆ ခုနှစ် ကချင်ပြည်နယ်ဝန်ကြီးချုပ်ဖလား (အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီခွဲက မြစ်ကြီးနားခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာန ငြိမ်းချမ်းသာယာဘော်လီဘောအားကစားရုံ၌ ကျင်းပသည်။

ဦးစွာ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လယ်ကုန်းအသင်းနှင့် Golden eagle အသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်ဝန်ကြီးများ၊ ဘော်လီဘောအားကစားဝါသနာရှင်ပြည်သူများ ကြည့်ရှုအားပေးကြရာ Golden eagle အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးများက ဒိုင်အဖွဲ့နှင့် သရုပ်ပြအကအဖွဲ့၊ အမျိုးသမီးပြိုင်ပွဲ ဒုတိယဆုရအသင်း၊ အမျိုးသားပြိုင်ပွဲ ဒုတိယဆုရရှိသည့် လယ်ကုန်းအသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် Grace Dencer အမျိုးသမီးအသင်း၊ ပထမဆုရရှိသည့် အမျိုးသားဘော်လီဘောအသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရအသင်းနှင့် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမဆုရအသင်းတို့ကို ဂုဏ်ပြုဆုငွေများနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ကလေးမြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**မုံရွာ မေ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ မင်္ဂလာရပ်ကွက်ရှိ တောင်သူဦးအဲလင်း စိုက်ပျိုးထားရှိသည့် ဆင်းသုခ နွေစပါး ၅ ဧကအတွင်း စုပေါင်းမျိုးကွဲပယ်ခြင်း ကွင်းသရုပ်ပြသပွဲကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများပေးအပ်သည်။

ထို့နောက် ကလေးမြို့ ဖောင်ကူးကျေးရွာရှိဒေသနွားနှင့်နို့စားနွားမွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ကလေးမြို့နယ်ရှိ ဒေသခံ စိုက်ပျိုးရေးတောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲ အခမ်းအနားများသို့ တက်ရောက်အမှာစကားပြောကြားပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်စေရေး တွေ့ဆုံဆွေးနွေး

**တောင်ငူ မေ ၁၀**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ တောင်ငူခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးတိုးတက်စေရေး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ တောင်ငူခရိုင်အတွင်းရှိ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အဓိကပံ့ပိုးကူညီဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း လိုအပ်သည့်ကဏ္ဍများအလိုက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။



ထို့နောက်တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက တောင်ငူခရိုင်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(၄၁၀)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ် မေလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာဒိုင်အောက်ဆိုက်</th><th>နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်</th><th>အိုဇုန်း</th><th>ကာဗွန်မိုနောက်ဆိုက်</th></tr>
<tr><td>၁</td><td>ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၂</td><td>အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
<tr><td>၃</td><td>ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td colspan="6">ကောင်းမွန်</td></tr>
</table>

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# စည်းလုံးညီညွတ်မှုအင်အားကို ဤသို့တည်ဆောက်ကြပါစို့

ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

**အမိနိုင်ငံအတွက် ထာဝရလိုအပ်နေသောအရာ**

ယခုအခါ ကျွန်ုပ်တို့အမိနိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ ချီတက်နေသည်။ ဤရည်မှန်းချက်ပန်းတိုင်အောင်မြင်ရေးအတွက် အဓိကလိုအပ်သောအရာမှာ ပြည်တွင်းငြိမ်းချမ်းရေးပင်ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးအတွက် မဖြစ်မနေ အစဉ်ကြိုးပမ်းရယူနေရမည့်အချက်မှာ ပြည်တွင်းစည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ ပြည်တွင်းစည်းလုံးညီညွတ်ရေးဆိုသည်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် အင်အားဟုဆိုသည့်အတိုင်း ကျွန်ုပ်တို့တိုင်းရင်းသားများ စည်းလုံးညီညွတ်နေမှသာ အမိနိုင်ငံတော်အင်အားရှိမည်။ ညီညာမှ ပြည်သာမည်ဆိုသည့်အတိုင်း ကျွန်ုပ်တို့တိုင်းရင်းသားများ စည်းလုံးညီညာနေမှသာ အမိနိုင်ငံသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်မည်။ အမိနိုင်ငံအတွက် ထာဝရလိုအပ်နေသောအရာမှာ ပြည်တွင်းစည်းလုံးညီညွတ်ရေးပင်ဖြစ်သည်။ အမိနိုင်ငံအတွက် လိုအပ်သောပြည်တွင်းစည်းလုံးညီညွတ်မှုအားကို တည်ဆောက်ပေးနိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့တိုင်းရင်းသားများ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ နေထိုင်နေခြင်းပင်ဖြစ်သည်။

**စည်းလုံးညီညွတ်မှု တည်ဆောက်ပေးနိုင်သည့်နည်းလမ်းများ**

ကျွန်ုပ်တို့အမိနိုင်ငံတော်သည် ထေရဝါဒဗုဒ္ဓဘာသာကို အများစုကိုးကွယ်သော နိုင်ငံဖြစ်သည်။ မြတ်ဗုဒ္ဓက လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းများ စည်းလုံးညီညွတ်မှုကိုဖြစ်စေမည့် တရားတော်များကို ဟောကြားခဲ့သည်။ ယင်းတရားတော်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အမိနိုင်ငံတော်အတွက် စည်းလုံးညီညွတ်မှုကို တည်ဆောက်ရယူနိုင်သည်။ ဗုဒ္ဓတရားတော်များအနက် လိုက်နာဆောင်ရွက်ရမည့် တရားတော်နှစ်မျိုးကို ဖော်ပြလိုသည်။ ယင်းတရားတော်နှစ်မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

**မြတ်ဗုဒ္ဓ၏ဝိဝါဒမူလသုတ္တန်**

မြတ်ဗုဒ္ဓက ဝိဝါဒမူလသုတ္တန်တရားတော်ကို ဟောကြားခဲ့သည်။ ဤတရားတော်သည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းများ စိတ်ဝမ်းကွဲပြားမှုကိုဖြစ်စေသောအကြောင်းတရား ၆ မျိုးကို ဟောကြားထားသည်။ ယင်းအကြောင်းတရား ၆ မျိုးကို အသိသတိကြီးစွာဖြင့် အစဉ်ရှောင်ကြဉ်နေပါက ကျွန်ုပ်တို့တိုင်းရင်းသားများအချင်းချင်း စိတ်ဝမ်းကွဲပြားမှုကို ကာကွယ်တားဆီးနိုင်သည်။ ယင်းအကြောင်းတရား ၆ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကောဓနေ‌ာဟောတိဥပနာဟီ**

ကောဓနဆိုသည်မှာ မည်သည့်အကြောင်းအရာမျိုးကိုမဆို ဆင်ခြင်တုံတရားဖြင့် မဖြေရှင်းဘဲ ဒေါသတရားဖြင့် ဖြေရှင်းခြင်းဖြစ်သည်။ ဥပနာဟဆိုသည်မှာ အငြိုးအတေးထားခြင်းဖြစ်သည်။ ကောဓနော ဟောတိဥပနာဟီဆိုသည်မှာ အကြောင်းအရာများကို ဒေါသတရားများဖြင့်ဖြေရှင်းပြီး တစ်ပြိုင်နက်တည်းမှာပင် အငြိုးအတေးထားခြင်းဖြစ်သည်။ ဤသို့ဒေါသဖြင့်ဖြေရှင်းပြီး အငြိုးအတေးထားခြင်းသည် အဖွဲ့အစည်းတစ်ခုလုံး၏စည်းလုံးညီညွတ်မှုကို ပျက်စီးစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမဖြစ်ပေါ်စေရန်အတွက် ဒေါသတရားဖြင့်ဖြေရှင်းခြင်း၊ အငြိုးအတေးထားခြင်းဟူသောအချက်ကို အမြဲရှောင်ကြဉ်နေကြရမည်။

**မက္ခီဟောတိ ပဠာသီ**

မက္ခီဆိုသည်မှာ ကျေးဇူးကန်းခြင်းဖြစ်သည်။ ပဠာသီဆိုသည်မှာ မိမိထက်တော်သူကို အသိအမှတ်မပြုဘဲ မိမိသည်သာလျှင် အတော်ဆုံးဟုသတ်မှတ်ခြင်းဖြစ်သည်။ မက္ခီဟောတိပဠာသီဆိုသည်မှာ မိမိအပေါ် ကျေးဇူးရှိသူကို ကျေးဇူးကန်းခြင်း၊ လောက၌ မိမိသာလျှင်အတော်ဆုံးဟု သတ်မှတ်နေခြင်းဖြစ်သည်။ ဤသို့ကျေးဇူးရှိသူကို ကျေးဇူးကန်းခြင်း၊ မိမိကိုယ်မိမိအတော်ဆုံးဟု သတ်မှတ်နေခြင်းသည် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ အချင်းချင်းကြား စိတ်ဝမ်းကွဲပြားမှုကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တိုင်းရင်းသားများအချင်းချင်းကြား စိတ်ဝမ်းကွဲပြားမှုမဖြစ်ပေါ်စေရန်အတွက် ကျေးဇူးရှိသူအပေါ်ကျေးဇူးကန်းခြင်း၊ မိမိကိုယ်မိမိ အတော်ဆုံးဟုသတ်မှတ်နေခြင်းဟူသောအချက်များကို အမြဲရှောင်ကြဉ်နေကြရမည်။

> ❒ **ညီညာမှ ပြည်သာမည်ဆိုသည့်အတိုင်း ကျွန်ုပ်တို့တိုင်းရင်းသားများ စည်းလုံးညီညာနေမှသာ အမိနိုင်ငံသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်၊ အမိနိုင်ငံအတွက် ထာဝရလိုအပ်နေသောအရာမှာ ပြည်တွင်းစည်းလုံးညီညွတ်ရေးပင်ဖြစ်၊ အမိနိုင်ငံအတွက် လိုအပ်သောပြည်တွင်းစည်းလုံးညီညွတ်မှုအားကို တည်ဆောက်ပေးနိုင်သည့်တစ်ခုတည်းသောနည်းလမ်းမှာ ကျွန်ုပ်တို့တိုင်းရင်းသားများ တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ နေထိုင်နေခြင်းပင်ဖြစ် . . .**

**ဣဿုကီဟောတိမစ္ဆရီ**

ဣဿာဆိုသည်မှာ မိမိထက်သာနေသူကို မနာလိုခြင်းဖြစ်သည်။ အခြားသူတစ်ဦး၏အောင်မြင်တိုးတက်မှုများ၊ စွမ်းဆောင်မှုများကို ချီးကျူးဂုဏ်ပြုခြင်းမရှိဘဲ အမျိုးမျိုးပြစ်တင်ဝေဖန်ရှုတ်ချသည်။ ဣဿာစိတ်ဖြစ်ပေါ်လာသည်နှင့်တစ်ပြိုင်နက် ဒေါသစိတ်သည်လည်း အလိုအလျောက်ဖြစ်ပေါ်လာသည်။ မစ္ဆရိယဆိုသည်မှာ မိမိထက်နိမ့်ကျနေသူများ၊ မိမိနှင့်တန်းတူရည်တူဖြစ်လာမည်ကို မလိုလားခြင်းဖြစ်သည်။ ဣဿုကီဟောတိမစ္ဆရီဆိုသည်မှာ မိမိထက်သာနေသူကို မနာလိုခြင်း၊ မိမိထက်နိမ့်ကျနေသူများ မိမိနှင့်တူညီမှုရှိလာမည်ကို ဝန်တိုခြင်းဖြစ်သည်။ ဤသို့ မနာလိုဝန်တိုစိတ်သည် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအချင်းချင်း စိတ်ဝမ်းကွဲပြားမှုဖြစ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများ အချင်းချင်း စိတ်ဝမ်းကွဲပြားမှုမဖြစ်ပေါ်စေရန်အတွက် တိုင်းရင်းသားအချင်းချင်း မနာလိုဝန်တိုစိတ်ထားရှိခြင်းကို အမြဲရှောင်ကြဉ်နေကြရမည်။

**သဌောဟောတိမာယာဝီ**

သဌဆိုသည်မှာ ဟန်ဆောင်ခြင်းဖြစ်သည်။ ဟန်ဆောင်ခြင်းဆိုသည်မှာ ရိုးသားမှုမရှိဘဲ ရိုးသားသူတစ်ဦးကဲ့သို့လည်းကောင်း၊ ရန်လိုမုန်းတီးစိတ်ရှိနေသော်လည်း ချစ်ခင်မြတ်နိုးစိတ်ရှိနေသူတစ်ဦးကဲ့သို့လည်းကောင်း၊ သူ့အကျိုးဖျက်ဆီးလိုစိတ်ရှိနေသော်လည်း သူ့အကျိုးကို လိုလားနေသူတစ်ဦးကဲ့သို့လည်းကောင်း အသွင်သဏ္ဌာန်ရယူထားခြင်းဖြစ်သည်။ မာယာဝီဆိုသည်မှာ လှည့်စားခြင်းဖြစ်သည်။ လှည့်စားခြင်းဆိုသည်မှာ တစ်ဖက်သား၏မှန်ကန်သော အသိအမြင်၊ မှန်ကန်သော ယုံကြည်ချက်၊ ခံယူချက်များကို မှားယွင်းသွားစေရန် ပရိယာယ်အမျိုးမျိုးကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည်။ သဌောဟောတိမာယာဝီဆိုသည်မှာ တစ်ဖက်သားအပေါ် ဟန်ဆောင်လှည့်စားမှုအမျိုးမျိုးပြုနေခြင်းဖြစ်သည်။ ဤသို့ဟန်ဆောင်လှည့်စားခြင်းသည် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအချင်းချင်း စိတ်ဝမ်းကွဲပြားမှုကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမဖြစ်ပေါ်စေရန်အတွက် တိုင်းရင်းသားအချင်းချင်း ဟန်ဆောင်မှု၊ လှည့်စားမှုစသည့်အမှားများကို လုံးဝမပြုလုပ်ရန် အသိသတိကြီးစွာဖြင့် အစဉ်ထိန်းချုပ်နေကြရမည်။

**ပါပိစ္ဆောဟောတိ မိစ္ဆာဒိဋ္ဌိ**

ပါပိစ္ဆဆိုသည်မှာ မိမိ၏အလိုဆန္ဒကို မမှန်မကန်သောနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။ မိစ္ဆာဒိဋ္ဌိဆိုသည်မှာ မှားယွင်းသောအယူဝါဒဖြစ်သည်။ ပါပိစ္ဆောဟောတိမိစ္ဆာဒိဋ္ဌိဆိုသည်မှာ မိမိ၏အလိုဆန္ဒကိုမှားယွင်းသောနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး တစ်ချိန်တည်းမှာပင် မှားယွင်းသောအယူများဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဤသို့မှားယွင်းသောနည်းလမ်းများဖြင့် မိမိ၏အလိုဆန္ဒကိုဖြည့်ဆည်းခြင်း၊ မှားယွင်းသောအယူများကိုလည်း ကျင့်သုံးနေခြင်းသည် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအချင်းချင်း စိတ်ဝမ်းကွဲပြားမှုကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမဖြစ်ပေါ်စေရန်အတွက် မိမိ၏အလိုဆန္ဒကို မှားယွင်းသောနည်းလမ်းများဖြင့် ဖြည့်ဆည်းခြင်း၊ မှားယွင်းသောအယူများကို ကျင့်သုံးခြင်း စသည့်အမှားများကိုလုံးဝမပြုလုပ်ရန် အသိသတိကြီးစွာဖြင့် အစဉ်ထိန်းချုပ်နေကြရပါမည်။

**သန္ဒိဋ္ဌိပရာမာသီ**

သန်ဆိုသည်မှာ မိမိ၏ဟုအဓိပ္ပာယ်ရသည်။ ဒိဋ္ဌိဆိုသည်မှာ အသိအမြင်ဟုအဓိပ္ပာယ်ရသည်။ ပရာမာသီဆိုသည်မှာ လွဲမှားစွာဆုပ်ကိုင်ထားခြင်းဟုအဓိပ္ပာယ်ရသည်။ သန္ဒိဋ္ဌိပရာမာသီဆိုသည်မှာ မှားယွင်းသော မိမိ၏အသိအမြင်များကို တရားသေစွဲမြဲခိုင်မာစွာ ကျင့်သုံးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ မိမိ၏အသိအမြင်များသည် မှန်ကန်သည်၊ အခြားသောသူများ၏ အသိအမြင်များကသာ မှားယွင်းနေသည်၊ မိမိ၏အသိအမြင်များကို ပြုပြင်ရန်မလိုဟု ခိုင်မာစွာယုံကြည်ကျင့်သုံးနေခြင်းဖြစ်သည်။ ဤသို့ မှားယွင်းသောအသိအမြင်များကို မှန်ကန်မှုရှိသည်ဟု တရားသေစွဲကိုင်ကျင့်သုံးနေခြင်းသည် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များအချင်းချင်း စိတ်ဝမ်းကွဲပြားမှုကိုဖြစ်ပေါ်စေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများအချင်းချင်း စိတ်ဝမ်းကွဲပြားမှုမဖြစ်ပေါ်စေရန်အတွက် မိမိတို့၏မှားယွင်းနေသောအသိအမြင်များကို တရားသေစွဲကိုင်ကျင့်သုံးနေခြင်းမျိုးမပြုလုပ်ကြရန် အသိသတိကြီးစွာဖြင့် အစဉ်ထိန်းချုပ်နေကြရမည်။

**မြတ်ဗုဒ္ဓ၏ သာရဏီယတရား**

မြတ်ဗုဒ္ဓက သာရဏီယတရားတော်ကိုဟောကြားခဲ့သည်။ ဤတရားသည် လူ့အဖွဲ့အစည်း၊ လူ့အသိုင်းအဝိုင်းများအား စည်းလုံးညီညွတ်မှုကိုဖြစ်စေသည့်အကြောင်းတရား ၆ မျိုးကို ဟောကြားထားခြင်းဖြစ်သည်။ ယင်းအကြောင်းတရား ၆ မျိုးကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်မှုအားကိုတည်ဆောက်ပေးနိုင်သည်။ ယင်းအကြောင်းတရား ၆ မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကာယကံမေတ္တာထားရှိခြင်း**

ကာယကံမေတ္တာထားရှိခြင်းဆိုသည်မှာ အကူအညီအမျိုးမျိုးလိုအပ်နေသောမိတ်ဆွေအား လိုအပ်သောအကူအညီအမျိုးမျိုးကိုပေးခြင်း၊ မိတ်ဆွေ၏ကြုံတွေ့နေရသောအခက်အခဲများကို ပြီးဆုံးအောင်မြင်သည်အထိ ကူညီဆောင်ရွက်ပေးခြင်း၊ မိတ်ဆွေ၏ကောင်းကျိုးမှန်သမျှကို ဆောင်ရွက်ပေးပြီး ထိခိုက်ဆုတ်ယုတ်စေမည့်အရာမှန်သမျှကို တားဆီးပေးခြင်း၊ မိတ်ဆွေအပေါ် ရယူလိုသူအဖြစ် မရပ်တည်ဘဲ ပေးဆပ်အနစ်နာခံသူအဖြစ် ရပ်တည်ခြင်းတို့သည် ကာယကံမေတ္တာထားရှိခြင်းသဘောဖြစ်သည်။ ဤသို့ကာယကံမေတ္တာထားရှိခြင်းသည် အဖွဲ့အစည်း၏စည်းလုံးညီညွတ်မှုကို မြင့်မားစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများ အချင်းချင်း စည်းလုံးညီညွတ်နေစေရန်နှင့် အမိနိုင်ငံ၏ ကြံ့ခိုင်မှုအားမြင့်မားလာစေရန်အတွက် တိုင်းရင်းသားအချင်းချင်း အပြန်အလှန် ကာယကံမေတ္တာထားရှိနေကြရပါမည်။

**ဝစီကံမေတ္တာထားရှိခြင်း**

ဝစီကံမေတ္တာထားရှိခြင်းဆိုသည်မှာ မိမိ၏မိတ်ဆွေအပေါ် ယဉ်ကျေးသိမ်မွေ့သော၊ နူးညံ့သော၊ အကျိုးကို ဖြစ်စေသော၊ အခြေအနေအချိန်အခါနှင့် ကိုက်ညီသော၊ မှန်ကန်သော၊ သစ္စာတရားအပြည့်အဝရှိသော စကားမျိုးကိုသာပြောဆိုခြင်းသည် ဝစီကံမေတ္တာထားရှိခြင်းသဘောဖြစ်သည်။ ဤသို့ ဝစီကံမေတ္တာထားရှိခြင်းသည် အဖွဲ့အစည်းဝင်များ၏ စည်းလုံးညီညွတ်မှုကိုမြင့်မားစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများသည် အချင်းချင်း စည်းလုံးညီညွတ်မှုရှိနေစေရန်နှင့် အမိနိုင်ငံ၏ကြံ့ခိုင်မှုအားမြင့်မားလာစေရန်အတွက် တိုင်းရင်းသားအချင်းချင်းအပြန်အလှန် ဝစီကံမေတ္တာထားရှိနေကြရမည်။

**မနောကံမေတ္တာထားရှိခြင်း**

မနောကံမေတ္တာထားရှိခြင်းဆိုသည်မှာ မိမိ၏မိတ်ဆွေအတွက် ကောင်းကျိုးဖြစ်စေမည့်အရာမှန်သမျှကိုသာ ကြံစည်တွေးတောပြီး ထိခိုက်ဆုတ်ယုတ်စေမည့်အရာမှန်သမျှကို ကြံစည်တွေးတောခြင်းမပြု၊

စာမျက်နှာ ၁၄ သို့ ■

■ စာမျက်နှာ ၁၃ မှအဆက်

မိတ်ဆွေအား မိမိနှင့်ထပ်တူမျှသဘောထား၍ ရှုမြင်ခံစားသည်။ မိတ်ဆွေအပေါ် မည်သည့် မကောင်းမှု၊ မည်သည့်အမှားမျိုးကိုမျှ ကျူးလွန်ရန် ကြံစည်ခြင်းမပြုဘဲ ကောင်းမှုမှန်သမျှ၊ အမှန်တရားမှန်သမျှကိုသာ ပြုလုပ်ရန်ကြံစည်သည်။ ဤသဘောသည် မနောကံမေတ္တာထားရှိခြင်းသဘောဖြစ်သည်။ ဤသို့ မနောကံမေတ္တာထားရှိခြင်းသည် အဖွဲ့အစည်း၏စည်းလုံးညီညွတ်မှုကို မြင့်မားစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများအချင်းချင်း စည်းလုံးညီညွတ်မှုရှိနေစေရန်နှင့် အမိနိုင်ငံ၏ကြွံခိုင်မှုအားမြင့်မားလာစေရန်အတွက် အချင်းချင်း အပြန်အလှန် မနောကံမေတ္တာထားရှိနေကြရပါမည်။

**သာဓာရဏဘောဂီ**

သာဓာရဏဘောဂီဆိုသည်မှာ မိမိ၏မိတ်ဆွေအား အဆင့်အတန်းခွဲခြားခြင်းမရှိဘဲ မရှိအတူရှိအတူ၊ အေးအတူ ပူအမျှ၊ အနာခံလည်း အတူတူ၊ အသာစံလည်းအတူတူ သာတူညီမျှခွဲဝေခံစားခြင်းဖြစ်သည်။ မိမိ၏မိတ်ဆွေအန္တရာယ်ကျရောက်နေသည့်အခါ မိတ်ဆွေအားထားပစ်ခဲ့ပြီး ကိုယ်လွတ်ရန်းမပြေးဘဲ မိမိအသက်ကိုပေး၍ ကယ်တင်သည်။ မိမိ၏မိတ်ဆွေအကြောင်းအမျိုးမျိုးကြောင့် နိမ့်ကျသွားသည့်အခါ နှိမ့်ချဆက်ဆံခြင်းမပြုဘဲ မိမိနှင့်တန်းတူရည်တူထား၍ ဆက်ဆံသည်။ ဤသဘောသည် မိတ်ဆွေအပေါ် သာတူညီမျှခွဲဝေဆက်ဆံသည့်သဘောဖြစ်သည်။ ဤသို့ သာတူညီမျှခွဲဝေဆက်ဆံခြင်းသည် အဖွဲ့အစည်း၏စည်းလုံးညီညွတ်မှုကို မြင့်မားစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများသည် စည်းလုံးညီညွတ်မှုရှိနေစေရန်နှင့် အမိနိုင်ငံ၏ကြွံခိုင်မှုအား မြင့်မားလာစေရန်အတွက် အချင်းချင်းအပြန်အလှန် သာတူညီမျှခွဲဝေခံစားနေကြရမည်။

**သီလသာမညဂတာ**

သီလသာမညဂတာဆိုသည်မှာ အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များသည် ကိုယ်ကျင့်သီလမြင့်မားသူများဖြစ်ကြသည်ဆိုသည့်သဘောကိုဆိုလိုသည်။ အဖွဲ့အစည်းဝင်များ ကိုယ်ကျင့်သီလမြင့်မားခြင်းဆိုသည်မှာ အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များသည် ဟိရီဟူသော မကောင်းမှုပြုရမည်ကို ရှက်သည့်စိတ်၊ ဩတ္တပ္ပဟူသောမကောင်းမှုပြုရမည်ကို ကြောက်သည့်စိတ်တို့ဖြင့် နေထိုင်ကြခြင်း၊ မကောင်းမှုဒုစရိုက်မှန်သမျှကိုရှောင်ကြဉ်ပြီး ကောင်းမှုဒုစရိုက်မှန်သမျှကိုသာ ပြုမူနေခြင်းသဘောဖြစ်သည်။ ဤသို့ ကိုယ်ကျင့်သီလမြင့်မားနေကြခြင်းသည် အဖွဲ့အစည်း၏စည်းလုံးညီညွတ်မှုကိုမြင့်မားစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများသည် အချင်းချင်း စည်းလုံးညီညွတ်မှုရှိနေစေရန်နှင့် အမိနိုင်ငံ၏ကြွံခိုင်မှုအားမြင့်မားလာစေရန်အတွက် မိမိတို့၏ကိုယ်ကျင့်သီလများကို အစဉ်မြှင့်တင်ပေးနေကြရပါမည်။

**ဒိဋ္ဌိသာမညဂတာ**

ဒိဋ္ဌိသာမညဂတာဆိုသည်မှာ အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏အသိအမြင်များ မှန်ကန်နေခြင်းကို ဆိုလိုသည်။ မိမိ၏အဖွဲ့အစည်း၊ မိမိ၏ခေါင်းဆောင်၊ မိမိအဖွဲ့အစည်း၏ ရည်မှန်းချက်ပန်းတိုင်၊ မိမိတာဝန်ယူဆောင်ရွက်နေရသည့် လုပ်ငန်းတာဝန်များအပေါ် ဂုဏ်ယူတန်ဖိုးထားမြတ်နိုးနေခြင်းသည် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၏အသိအမြင်များ မှန်ကန်နေခြင်းသဘောဖြစ်သည်။ ဤသို့အသိအမြင်များ မှန်ကန်မှုရှိနေခြင်းသည် အဖွဲ့အစည်း၏စည်းလုံးညီညွတ်မှုကိုမြင့်မားစေသည်။ ထို့ကြောင့် ကျွန်ုပ်တို့တိုင်းရင်းသားများသည် အချင်းချင်းစည်းလုံးညီညွတ်မှုရှိနေစေရန်နှင့် အမိနိုင်ငံ၏ကြွံခိုင်မှုအားမြင့်မားလာစေရန်အတွက် အမိနိုင်ငံ၊ အမိနိုင်ငံ၏ရည်မှန်းချက်ပန်းတိုင်၊ မိမိတို့တိုင်းရင်းသားများအချင်းချင်း စသည်တို့အပေါ် မှန်ကန်သောအသိအမြင်များ အစဉ်ထားရှိကျင့်သုံးနေကြရမည်။

**ကျွန်ုပ်တို့ သိလည်းသိရမည်၊ ကျင့်လည်းကျင့်ရမည်**

နိဂုံးချုပ်အနေဖြင့် တင်ပြရမည်ဆိုပါက မြတ်ဗုဒ္ဓက လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းများ စိတ်ဝမ်းကွဲပြားမှုကိုဖြစ်စေသည့် ဝိဝါဒမူလသုတ္တန်ကို ဟောကြားခဲ့သည်။ ထို့အတူ လူ့အသိုင်းအဝိုင်း၊ လူ့အဖွဲ့အစည်းများ၏စည်းလုံးညီညွတ်မှုကိုဖြစ်စေသည့် သာရဏီယတရားတော်ကို ဟောကြားခဲ့သည်။ ဤတရားတော်နှစ်မျိုးကို ကျွန်ုပ်တို့သိနေရုံဖြင့် မပြီးသေးပါ။ သိသည့်အတိုင်း အမှန်တကယ်လက်တွေ့လိုက်နာကြိုးပမ်းဆောင်ရွက်နေရမည်။ ထို့ကြောင့် ဝိဝါဒမူလသုတ္တန်၏တရားများဖြစ်ကြသော ဒေါသတရားဖြင့် ဖြေရှင်းခြင်း၊ အငြိုးအတေးထားခြင်း၊ ကျေးဇူးကန်းခြင်း၊ မိမိထက်သာနေသူကို အသိအမှတ်မပြုခြင်း၊ မိမိထက်သာနေသူကို မနာလိုခြင်း၊ မိမိထက်နိမ့်ကျနေသူအပေါ် ဝန်တိုခြင်း၊ ဟန်ဆောင်ခြင်း၊ လှည့်စားခြင်း၊ မိမိအလိုဆန္ဒကို မှားယွင်းသောနည်းလမ်းများဖြင့် ဖြည့်ဆည်းခြင်း၊ မှားယွင်းသောအယူကိုကျင့်သုံးခြင်း၊ မိမိ၏မှားယွင်းသောအယူကိုတရားသေစွဲမြဲစွာကျင့်သုံးခြင်း စသည့်အချက်များကို ကျွန်ုပ်တို့အစဉ်ရှောင်ကြဉ်နေကြရပါမည်။ ထို့နောက် သာရဏီယတရားများဖြစ်သော ကာယကံမေတ္တာထားရှိခြင်း၊ ဝစီကံမေတ္တာထားရှိခြင်း၊ မနောကံမေတ္တာထားရှိခြင်း၊ မိတ်ဆွေနှင့် သာတူညီမျှခွဲဝေဆက်ဆံခြင်း၊ ကိုယ်ကျင့်သီလကို အစဉ်မြှင့်တင်ခြင်း၊ မှန်ကန်သောအသိအမြင်များ အမြဲကျင့်သုံးခြင်း စသည့်အချက်များကို ကျွန်ုပ်တို့ အစဉ်လိုက်နာဆောင်ရွက်နေကြရပါမည်။ ဤသို့ မြတ်ဗုဒ္ဓအဆုံးအမအတိုင်း တိုင်းရင်းသားအချင်းချင်း ရှောင်သင့်သည်ကိုရှောင်၊ ဆောင်သင့်သည်ကို ဆောင်နေကြပါက အမိနိုင်ငံအတွက် လိုအပ်နေသောစည်းလုံးညီညွတ်မှုအားကို ကျွန်ုပ်တို့တိုင်းရင်းသားများအောင်မြင်စွာ တည်ဆောက်ရယူနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ခလိုင်စိန်ကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မေလ ၉ ရက်နံနက်ပိုင်းတွင် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ဇာဝင့်နှင့် တာဝန်ရှိသူများက Box Culvert လေးစင်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ဒေါ်ခင်ဇာဝင့်က လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ကြိုးစားဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ကော့ခလိုင်စိန်ကျေးရွာ၌ အရှည် ၇ ပေ၊ အကျယ် ၂၄ ပေ၊ အမြင့် ၅ ပေရှိသည့် Box Culvert လေးစင်းတည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုမွမ်းမံရန်ပုံငွေကျပ် သန်း ၈၀ ဖြင့် ဧပြီလ တတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ကိုသက်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

❒ ရှေ့ဖုံးမှအဆက်

မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အာဆီယံနိုင်ငံအများစုက နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လိုသော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် အနည်းငယ်သောနိုင်ငံများက မြန်မာအစိုးရအပေါ် ကန့်သတ်မှုများ၊ ခွဲခြားဆက်ဆံမှုများ၊ တန်းတူကိုယ်စားပြုမှုကို ချန်လှပ်ထားခြင်းများကို ဆက်လက်ပြုလုပ်ရန် ကြိုးပမ်းနေပြီး၊ အာဆီယံပဋိညာဉ်စာတမ်း အခန်း(၁)၊ အပိုဒ်(၂)ပါ အခြေခံမူများကို ဖောက်ဖျက်၍ အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ဝေဖန်ပြောဆိုခြင်း၊ ဖိအားပေးခြင်းများကိုဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့သည့် ၁၉၉၇ ခုနှစ်မှစတင်၍ အာဆီယံ၏ လုပ်ငန်းစဉ်များကို အာဆီယံတူညီဆန္ဒများနှင့်အညီ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် တာဝန်ယူမှုရှိသော အဖွဲ့ဝင်နိုင်ငံအဖြစ် အာဆီယံ၏ ယန္တရားများနှင့် လှုပ်ရှားမှုများအတွက် နှစ်စဉ်ထည့်ဝင်ငွေများပေးဆောင်ခြင်းအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ တာဝန်ဝတ္တရားများကို အစဉ်တစိုက်ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါသည်။

လွန်ခဲ့သည့် ၅ နှစ်တာကာလအတွင်းက အာဆီယံနိုင်ငံအချို့၏ သဘောထားဖြင့် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများပြုလုပ်သော်လည်း မြန်မာနိုင်ငံအနေဖြင့် စိတ်ရှည်သည်းခံ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ အပြုသဘောမဆောင်သည့် ခွဲခြားဆက်ဆံမှုများကို နိုင်ငံတော်အစိုးရအသစ်လက်ထက်တွင် ဆက်လက်လုပ်ဆောင်ရန် ကြိုးပမ်းနေမှုများသည် ဒီမိုကရေစီနည်းလမ်းတကျ မဲပေးခဲ့သည့် မြန်မာပြည်သူများ၏ ဆန္ဒသဘောထားများကိုလျစ်လျူရှုရာရောက်ပါသည်။

အာဆီယံအနေဖြင့် မြန်မာနိုင်ငံနှင့်စပ်လျဉ်းသည့် တူညီဆန္ဒမရရှိသေးလင့်ကစား မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံချင်းစီအလိုက် ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သော ဖြစ်ပေါ်တိုးတက်မှုများအပေါ် ထောက်ခံကူညီပေးခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုကို မြန်မာနိုင်ငံကကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ပကတိအခြေအနေအပေါ်မူတည်၍ မိမိနိုင်ငံနှင့်ကိုက်ညီသည့် မြန်မာဦးဆောင်သည့် မြန်မာ့ကိုယ်ပိုင်လုပ်ငန်းစဉ်ဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် မြန်မာနိုင်ငံသားများ၏ အခြေခံအခွင့်အရေးနှင့် အကျိုးစီးပွားများကာကွယ်စောင့်ရှောက်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
နေပြည်တော်
၂၀၂၆ ခုနှစ်၊ မေလ ၁၀ ရက်

# ဥပဒေရေးရာဝန်ကြီးဌာန၏ ရက်(၁၀၀)စီမံကိန်းဆောင်ရွက်မည့် အစီအမံများအပေါ် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများအား ရှင်းလင်းဆွေးနွေး



နေပြည်တော် မေ ၁၀

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များ၊ ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပဒေရေးရာဝန်ကြီးဌာန၌ တွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များမှ တရားဥပဒေစိုးမိုးရေး၊ နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ်အညီအမျှရရှိရေးနှင့် ဥပဒေရေးရာဝန်ကြီးဌာန၏ ရက် (၁၀၀)စီမံကိန်းဆောင်ရွက်မည့်အစီအမံများအပေါ် ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများ အဓိကလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဥပဒေကြောင်းအရ သေချာရေရာမှု (Legal Certainty) ရှိခြင်းသည် တရားဥပဒေစိုးမိုးရေး (Rule of Law)၏ အညွှန်းကိန်းတစ်ရပ်ဖြစ်၍ ဥပဒေမူကြမ်းများတွင် Legal Certainty ရှိရန်နှင့် စနစ်တကျရှိရန် အထူးလိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးက လုပ်ငန်းဆိုင်ရာလမ်းညွှန်မှုများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်များက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် မေ ၁၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိုးကုတ်၊ သပိတ်ကျင်းဒေသတစ်ဝိုက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။


(၁၀၀)

⇨ ကျောဖုံးမှအဆက်

ပဉ္စမအချီပြီးဆုံးရန် ၁ မိနစ် ၃၂ စက္ကန့်အလိုတွင် ပြိုင်ဘက်အား အလဲထိုးအနိုင်ယူခဲ့ကာ ချန်ပီယံခါးပတ်ကို ပထမဆုံးအကြိမ် ကာကွယ်နိုင်ခဲ့ခြင်းဖြစ်သည်။

ယူအက်ဖ်စီတွင် ဒုတိယအသက်အငယ်ဆုံးချန်ပီယံ ဂျိုရှုအာဗန်အနေဖြင့် လက်ရှိတွင် ယှဉ်ပြိုင်နိုင်ခဲ့မှုအားဖြင့် (၁၁)ပွဲထိုးသတ်ထားပြီး (၁၀)ပွဲနိုင်၊ (၁)ပွဲရှုံး မှတ်တမ်းကို ပိုင်ဆိုင်ထားသူလည်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




ယူအက်ဖ်စီဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်လုပွဲတွင် ပြိုင်ဘက်ဂျပန်ကစားသမားတက်ဆူရိုတိုင်ရာကို အလဲထိုးအနိုင်ရရှိခဲ့သည့် မြန်မာနိုင်ငံကိုယ်စားပြုချင်းလူငယ် ဂျိုရှုအာဗန် အောင်ပွဲခံစဉ်။

# ရှမ်းပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံးနှင့် တောင်ကြီးမြို့ရှိ ပြည်သူ့ဆေးရုံကြီးများ ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်သူများအတွက် လုံခြုံစိတ်ချရသော အစားအသောက်များ ရရှိသုံးစွဲနိုင်ရေး မှာကြားပြီး ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမျိုးသမီးနှင့်ကလေးဆေးရုံကြီး-တောင်ကြီး လူနာလက်ခံကြိုဆိုရေးဌာန၌ Software ဖြင့် လူနာစာရင်းသွင်းမှု၊ လူနာများအား ကုသပေးနေမှုနှင့် တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်း၌ လက်တွေ့သင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး၌ တောင်ကြီးမြို့နယ်ရှိ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ၊ ကုသရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ မိုးရာသီ၌ ဖြစ်ပေါ်နိုင်သော ကူးစက်ရောဂါများ ကာကွယ်ရေးနှင့်



ကာကွယ်ဆေးထိုးလုပ်ငန်းလွှမ်းခြုံမှုတိုးတက်စေရေး မှာကြားသည်။

မွန်းလွဲပိုင်းတွင် ကလောမြို့နယ် ဟဲဟိုးတိုက်နယ်ဆေးရုံ၊ သရက်ပုကျေးလက်ကျန်းမာရေးဌာနခွဲ AHA Centre မှ လှူဒါန်းထားသည့် အဆောက်အအုံနှင့် ဝက်ဖြူရေကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး မှာကြားကြောင်း သိရသည်။

မြဝတီ

# တရုတ်နိုင်ငံမှပေးပို့လှူဒါန်းသည့်ကွန်တိန်နာ Prefabricated House များ ရောက်ရှိမှုနှင့် လျှင်ဒဏ်သင့် ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ပို့ဆောင်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးတို့သည် ယမန်နေ့ ညနေ ၄ နာရီက နေပြည်တော် ကောင်စီနယ်မြေရှိ လျှင်ဒဏ်သင့်ဘုန်းကြီးကျောင်းနှင့်သီလရှင် ကျောင်းများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့လှူဒါန်းသည့် ကွန်တိန်နာ Prefabricated House များ တင်ဆောင်လာသော ကုန်ရထား နေပြည်တော်၊ ရွာတော်ဘူတာသို့ ရောက်ရှိမှုနှင့် ကုန်ရထားပေါ်မှတစ်ဆင့်ပို့ဆောင်မည့် ယာဉ်များပေါ်သို့ တင်ချဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးသည်။



နေပြည်တော် ရွာတော်ဘူတာသို့ ရောက်ရှိလာသော ၁၉၂ လုံးကို နေပြည်တော် ကောင်စီနယ်မြေ မြို့နယ်(၈)မြို့နယ်ရှိ လျှင်ဒဏ်သင့်ဘုန်းကြီးကျောင်း၁၂၂ကျောင်းနှင့် သီလရှင် ကျောင်းတစ်ကျောင်းတို့အတွက် ဆက်လက်ပို့ဆောင်လှူဒါန်းလျက်ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် ကွန်တိန်နာ Prefabricated House များ ပေးပို့လှူဒါန်းနိုင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# မန္တလေး-လားရှိုးလမ်းပိုင်းရှိ ဘူတာ၊ တံတားနှင့်စက်ရုံများအား ဒုတိယဝန်ကြီး ဦးအောင်မြိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၀

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည်ယမန်နေ့က သီပေါမြို့နယ် ဘော်ကြိုဘူတာအနီးရှိ အလျားပေ ၂၈၀ ရှိ ကျင်သီတံတား ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်သီပေါမြို့ရှိကွန်ကရစ်ဇလီဖားစက်ရုံပျက်စီးသွားသည့်အခြေအနေနှင့် ပြန်လည်တည်ဆောက်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သီပေါဘူတာနှင့်မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ကျောက်မဲဘူတာ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ခရိုင်မိုးလေဝသရုံး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (ခရိုင်ရုံးကျောက်မဲ) တို့ကိုသွားရောက်စစ်ဆေး၍ ကျောက်မဲခရိုင်ရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများကိုတွေ့ဆုံကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် နောင်ပိန်ဘူတာအနီး ရထားလမ်းကူးနေရာမှ RGC ရထားဖြင့် လိုက်ပါစီးနင်းပြီး ရထားလမ်းကြံ့ခိုင်မှုအခြေအနေနှင့် နောင်ချိုမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ်တံတားကြံ့ခိုင်မှု၊ ဂုတ်ထိပ်ဘူတာကို သန့်ရှင်းသပ်ရပ်စွာဆောင်ရွက်ထားရှိမှုနှင့်ရှေးဟောင်းမှတ်တမ်းဓာတ်ပုံများ စနစ်တကျထားမှုတို့ကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

မြဝတီ



# ပြင်ဦးလွင်မြို့နယ် သစ်တောမြေအတွင်း ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် ဒုတိယဝန်ကြီးဒေါက်တာသောင်းနိုင်ဦး တွေ့ဆုံ

နေပြည်တော် မေ ၁၀

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ဒိုးကွင်ပျိုးဥယျာဉ်ရှင်းလင်းဆောင်ခန်းမ၌ ပြင်ဦးလွင်မြို့နယ် သစ်တောမြေအတွင်း ခွင့်ပြုချက်မရှိဘဲလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက သစ်တောနယ်မြေများအတွင်း တရားဝင်ခွင့်ပြုချက်မရှိဘဲ မွေးမြူရေးလုပ်ငန်းများ ပြုလုပ်နေခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိသည့်အပြင် သစ်တောမြေအသုံးချမှုကိုလည်း ပြောင်းလဲစေသဖြင့်ခွင့်ပြုနိုင်ခြင်းမရှိပါကြောင်း၊ နိုင်ငံတော်က ခွင့်ပြုထားသော နေရာများတွင်သာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီသာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းရှင်များ၏ ဆွေးနွေးမေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ထို့နောက် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံသစ်တောကျောင်းအတွက် နှစ်ထပ်စာသင်ဆောင်၊ နှစ်ထပ်သင်တန်းသားအိပ်ဆောင်နှင့် ဘက်စုံသုံးသင်တန်းခန်းမ ဆောက်လုပ်ရန် မြေနေရာရွေးချယ်ထားရှိမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ၁၀-၅-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၇,၂၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန(မန္တလေး)အား ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းတွင် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံ (မန္တလေး)သို့ရောက်ရှိပြီး ပုံနှိပ်စက်ရုံ (မန္တလေး)မှရိုက်နှိပ်ထုတ်ဝေသည့် စာအုပ်များ၊ Orient – I, II ပတ်လည်စက်၊ ရွက်ထိုးစက်၊ ကုန်ကြမ်းသိုလှောင်ထားမှု၊ ကော်ကပ်စက်၊ Gathering & Stitching ချုပ်စက်၊ ဓားစက်များ၊ Katana(Image Setter) စက်၊ ပုံကူးစက်နှင့် ပုံဖော်စက်များ၏ ကြံ့ခိုင်မှုနှင့်လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်လုပ်ငန်းများဆောင်ရွက်ရာတွင် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီကောင်းမွန်ရေး၊ အထူးသဖြင့် ကျောင်းသုံးပုံနှိပ်စာအုပ်များကိုလက်ဆင့်ကမ်းအသုံးပြုနိုင်ရန်အထိ ပုံနှိပ်ထုတ်ဝေသွားရန်နှင့် ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်သွားရန်မှာကြားသည်။

ထို့နောက် နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန(မန္တလေး)တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး တာဝန်ရှိသူများက အနုပညာဗဟိုဌာန တည်ဆောက်မှု၊ ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကိုရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရေးနှင့် ရန်ပုံငွေရရှိမှုအခြေအနေကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတကာအဆင့်မီအနုပညာဗဟိုဌာန(မန္တလေး) အဆောက်အဦ တည်ဆောက်ရေးလုပ်ငန်းများအား အပိုင်း(၃)ပိုင်းခွဲ၍ ဆောင်ရွက်နေမှုနှင့် အပိုင်း(၁)တွင် ပါဝင်သည့် လုပ်ငန်းများပြီးစီးမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

မြဝတီ

# ရေဈွေတာရေးနည်းလမ်းများ

- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ❖ ပန်းပင်ရေလောင်းလျှင်ရေပိုက်မသုံးပါနှင့်၊ ရေဖြည့်ထားသော ရေလောင်းပုံးအသုံးပြုပါ။
- ❖ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- ❖ အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ❖ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ❖ ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

# ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်း ပင်မဓာတ်အားခွဲရုံစီမံကိန်း ဆောင်ရွက်ပြီးစီးနေမှုတို့ကို ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၁၀

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ယမန်နေ့က မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုနှင့် မိတ္ထီလာမြို့နယ်ရှိ ၅၀၀ ကေဗွီ ကံကောင်း ပင်မဓာတ်အားခွဲရုံစီမံကိန်းဆောင်ရွက်ပြီးစီးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ရေပိုလွှဲတွင် Hydraulic Elevated Dam (HED) တပ်ဆင်ခြင်းဖြင့်နှစ်စဉ် ယူနစ် ၁၀၄ သန်း ပိုမိုထွက်ရှိရာ အိမ်ထောင်စုပေါင်း ၂၀၀၀၀ ခန့် လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်မည်ဖြစ်၍ ပုံစံထုတ်လုပ်ခြင်းနှင့် မြစ်ငယ် မြစ်ဝှမ်းဒေသများတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများ ဆက်တိုက်ပေါ်ထွက်လာစေရေးအတွက် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းပြောကြားပြီး စက်ရုံအတွင်းနှင့် ရေလှောင်တမံ၏ ကြံ့ခိုင်ရေးအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် မိတ္ထီလာမြို့နယ်အတွင်းရှိ ၅၀၀ ကေဗွီ ပင်မ ဓာတ်အားခွဲရုံစီမံကိန်းသို့ ရောက်ရှိပြီး မြန်မာပြည်အောက်ပိုင်းဒေသများသို့ လျှပ်စစ်ဓာတ်အားများ ပို့ဆောင်ရာတွင် ဝန်အားပိုမိုထမ်းဆောင်နိုင်ပြီးတည်ငြိမ်သော လျှပ်စစ်ဓာတ်အားပေးပို့နိုင်ရေးအတွက် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစနစ်သည် အလွန်အရေးကြီးသဖြင့် စီမံကိန်းအား စံချိန်စံညွှန်းနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြစေလိုကြောင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# လေကြောင်းလိုင်းများနှင့်ခရီးသွားကဏ္ဍဖိုရမ်ကျင်းပ






နေပြည်တော် မေ ၁၀

လေကြောင်းလိုင်းများနှင့်ခရီးသွားကဏ္ဍဖိုရမ် Airlines & Tourism Industry Forum ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က လေကြောင်းကဏ္ဍနှင့် ခရီးသွားကဏ္ဍသည် အပြန်အလှန် အကျိုးပြုနေသဖြင့် လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းနှစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ယင်းနောက် မြန်မာ့ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက်နိုင်ငံတကာ လေကြောင်းလိုင်းများ၏အခန်းကဏ္ဍ၊ ပြည်တွင်းလေကြောင်း၏ ရှေ့လုပ်ငန်းစဉ်ခေါင်းစဉ်များဖြင့် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

မြဝတီ

# သီပေါ၊ ကျောက်မဲနှင့် နောင်ချိုမြို့နယ်တို့ရှိ ဆက်သွယ်ရေးစခန်းနှင့် စာတိုက်စခန်းများအား ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင် ကြည့်ရှုစစ်ဆေး




နေပြည်တော် မေ ၁၀

ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်သည် ယမန်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့၊ ကျောက်မဲမြို့နှင့် နောင်ချိုမြို့တို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေးစခန်းများ၊ မြန်မာ့စာတိုက်လုပ်ငန်း၊ စာတိုက်စခန်းများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ဆက်သွယ်မှုအစဉ်ကောင်းမွန်စေရေး၊ ချွတ်ယွင်းပြတ်တောက်မှုများဖြစ်ပါက အမြန်ဆုံးပြန်လည်ကောင်းမွန်အောင်ပြုပြင်ရေး၊ စာတိုက်များသည် ရှေးဟောင်းအဆောက်အအုံများဖြစ်၍ ထိန်းသိမ်းပြုပြင်ရေးနှင့် ပြည်သူများက အားထားရသည့် ဝန်ထမ်းများဖြစ်စေရေး ကြိုးစားဆောင်ရွက်ကြရန် မှာကြားသည်။

မေလ ၈ ရက်ကလည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဆက်သွယ်ရေးရုံးကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## Press Statement

The Republic of the Union of Myanmar successfully held a free and fair multi-party democratic general election between December 2025 and January 2026. Out of 24.23 million eligible voters nationwide, more than 13.13 million cast their votes according to their own free will. As a result, a new government led by the President elected by the Parliament, chosen by the people has now assumed the responsibilities of the State.

In the 2020 general election, the then-ruling government committed severe electoral irregularities. Following complaints from political parties and the public regarding the lack of fairness in the election, investigation and verification were carried out. Due to the findings of significant irregularities involving over 11.3 million cases out of 38.2 million eligible voters, it was addressed according to the law. Consequently, those responsible for attempting to retain power through fraudulent means were duly prosecuted before the Court in accordance with the law, upon the establishment of clear and sufficient evidence of corruption and other criminal offences. Therefore, a new free and fair general election was held in December 2025.

The positive developments taking place in Myanmar have been well recognized by the majority of ASEAN Member States, many of which have expressed their readiness to further enhance engagement and cooperation with Myanmar. However, it is observed that a few Member States continue to maintain restrictions, discriminatory measures, and the exclusion of the Myanmar Government from equal representation, while interfering in Myanmar's internal affairs through criticism and pressure, in violation of the fundamental principles enshrined in Article 2, Chapter I of the ASEAN Charter.

Since joining ASEAN in 1997, Myanmar has actively participated in ASEAN processes in accordance with the ASEAN consensus and principles. Furthermore, as a responsible Member State, Myanmar has consistently fulfilled its duties and obligations as an ASEAN Member State, including making annual contributions for ASEAN mechanisms and activities.

Over the past five years, despite facing unequal treatment arising from the positions of certain ASEAN Member States, Myanmar has exercised patience and continued to cooperate in accordance with its obligations as a Member State. Attempts to continue such non-constructive engagement with the new government of Myanmar disregard the genuine will of the Myanmar people, who exercised their democratic rights through lawful voting.

Although a consensus has yet to be reached on Myanmar within ASEAN, Myanmar continues to maintain bilateral engagements with ASEAN Member States. Myanmar deeply appreciates to the majority of ASEAN Members States that have supported the positive developments taking place in Myanmar.

Myanmar will continue to pursue peace, stability, prosperity, and the protection of the fundamental rights and interests of the people of Myanmar through a Myanmar-owned and Myanmar-led process aligned with the country's prevailing circumstances.

**Ministry of Foreign Affairs**
Nay Pyi Taw
10 May 2026

## Long bean trading seen with high demand in Mawlamyinegyun Township



MAWLAMYINEGYUN May 10

Trading of long bean is booming at the domestic market with high demand in Mawlamyinegyun Township of Ayeyawady Region, said Daw Myint Myint Aye, the owner of green grocery trading in Mawlamyinegyun Township.

In Mawlamyinegyun Township, demand for long beans (yardlong beans) in the green grocery market has been strong from the second week of March up to the present, resulting in active trading. Currently, daily purchases have reached between 4,000 and 5,500 viss.

"Long beans produced in this area are being bought in large quantities by other townships. At present, up to 5,500 viss are being traded per day. As more local agricultural products can be cultivated and sold, transportation costs are reduced and consumers can access fresh and clean food. Buyers from other regions are actively purchasing long beans from this local green grocery market, and prices have also risen. With the strong demand for locally produced long beans, vegetable farmers are now in a better position with improved opportunities," said trader Daw Myint Myint Aye.

At present, it is the season when local vegetables, including long beans, are widely available in Mawlamyinegyun Township. Due to the strong demand and brisk sales, farmers are preparing to expand cultivation. Selling locally produced goods helps reduce transport costs and ensures that only fresh produce is traded, bringing multiple benefits to both producers and consumers.

**SMK**

## Chilli plantations grown last winter harvested in Monywa District

MONYWA May 10

Statistics of Monywa District Agriculture Department stated that local farmers have harvested all plantations of chilli in Monywa District of Sagaing Region.

In Monywa District, a total of 1,804 acres of chilli was cultivated during the winter cropping season. Harvesting of the cultivated chilli fields began in February this year, and as of today, harvesting has been fully completed across all acres. The average yield is reported at over 300 viss per acre.

A total of 428 acres of chilli has been harvested in Monywa Township, 321 acres in Budalin Township, 29 acres in Ayadaw Township, and 1,026 acres in ChaungU Township, totalling 1,804 acres.

Agriculture department staff at the district and township levels have been providing technical assistance to chilli farmers to improve yield and market access, including cultivation techniques, pest and disease control measures, and soil fertility management.

According to reports, the cultivation cost of chilli from planting to harvest is around Ks-1.5 million per acre for owned land, and about Ks-2.5 million per acre for rented land. Chilli is harvested once every 15 days and can be harvested for up to six months. Yield starts at about 100 viss during the first harvest and increases to between 400 viss and 500 viss in subsequent harvests.

**SMK**

# Summer paddy placed on more than 1,000 acres of farmlands in KhinU Township



KHINU May 10

According to the Township Agriculture Department, local farmers planted more than 1,000 acres of summer paddy in KhinU Township of Sagaing Region this year.

Local authorities earmarked cultivation of 23,700 acres of summer paddy in 2025-2026 cultivation season but local farmers planted 1,439 acres of crops against the target cultivation.

In KhinU Township, more than 23,000 acres of summer paddy cultivation have been targeted for this year's summer cropping season. As of today, over 1,000 acres have already been planted. Efforts are being made to ensure that the full targeted acreage is achieved.


"We are providing technical support to summer paddy farmers, educating them on pest prevention, raising awareness to prevent crop losses, and advising them to ensure that harvested paddy is transported under shelter in a timely manner," said U Nay Win Naing, Head of the Township Department of Agriculture in KhinU.

In KhinU Township, to help farmers increase yield per acre and achieve target yields for summer paddy, activities are being carried out such as distributing high-quality seeds, providing technical pamphlets, conducting farmer training sessions and educational talks, and ensuring the timely availability of necessary agricultural inputs.

Farmers are being urged to make advance preparations in coordination with the Department of Agriculture—such as following issued guidelines on crop pest and disease prevention, carrying out soil nutrient management, and collecting quality seeds in advance—so that they can plant summer paddy and other crops on time after harvesting monsoon paddy and other seasonal crops.

**SK**

# Yinmabin District finishes harvest of all garlic plantations



YINMABIN May 10

According to the statistics of Sagaing Region Agriculture Department, local farmers have harvested all plantations of garlic in Yinmabin District of Sagaing Region.

In Yinmabin District, a total of 1,299 acres of garlic was cultivated during the winter cropping season. Harvesting of the cultivated garlic fields began in January this year, and as of today, a total of 802 acres in Yinmabin Township and 497 acres in Salingyi Township have been harvested, bringing the overall harvested area to 1,299 acres. The average yield is reported at 2,731 viss per acre.

"During the winter cropping season in Yinmabin District, only 1,299 acres of garlic were cultivated. At present, all of the cultivated garlic fields have been fully harvested. We have also facilitated market linkages to help farmers obtain better prices. The yield has been good," said Dr Tin Mar Mar Oo, Assistant Director of the Agriculture Department of Sagaing Region.

It is reported that township-level agriculture departments in Yinmabin District have been assisting garlic farmers by linking them to markets to secure better prices, providing technical guidance on extending the shelf life of garlic, promoting Good Agricultural Practices (GAP), and supporting the production of high-quality garlic.

According to reports, garlic farmers in Yinmabin District incur an estimated production cost of around Ks-1.5 million per acre, and garlic is cultivated as a commercial crop in Sagaing Region.

**SMK**

# Merchants from Bogale Township supply 62,000 bags of Pawsan rice to Yangon market

BOGALE May 10

Local merchants of Bogale Township in Ayeyawady Region sent 62,000 bags of Pawsan rice to Yangon market said Daw San San Maw, the owner of rice and paddy trading wholesale in Bogale Township.

According to Daw San San Maw, a rice and paddy trader and warehouse operator from Bogale Township, a large volume of Pawsan rice was transported and sold to the Yangon market over the past month.

"Agricultural products from Bogale are mainly exported to the Yangon market. The increase in shipments of Pawsan rice is due to strong demand from Yangon buyers. There are also ongoing connections to purchase large quantities of Pawsan rice in the Yangon market this month. Compared to other rice varieties, Pawsan has seen higher trading activity both over the past month and at present. Paddy is being transported and sold through both land and water routes depending on convenience," she said.

Over the past month, Pawsan rice exported from Bogale Township to the Yangon market has reached a price of up to Ks-115,500 per bag. As trading activity has improved, job opportunities have been created for farmers, traders, loaders, and freight transport operators. **SK**

# Htigyaing Township expands sown acreage of vegetables more than the target

HTIGYAING May 10

Local farmers cultivate vegetables on the croplands exceeding the target cultivation in Htigyaing Township of Sagaing Region this year, according to the Township Agriculture Department.

Local authorities set a plan to grow 1,825 acres of vegetables in Htigyaing Township of Sagaing Region in 2025-2026 season. But, farmers started cultivation of crops in October 2025, and so far, they have plamted 2,400 acres of crops, exceeding the target cultivation.

During the winter crop cultivation season in Htigyaing Township, 1,825 acres were initially earmarked for vegetable cultivation, but farmers were able to cultivate a total of 2,400 acres, exceeding the original target. The vegetables grown include mustard greens, chili, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers were provided with technical assistance to ensure that all vegetables were cultivated using the GAP (Good Agricultural Practices) system. Technical guidance was also given to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting farmers in expanding vegetable cultivation.

Vegetables of various types are grown seasonally each year in Htigyaing Township. These crops have been successfully cultivated, enabling farmers to earn household income. The Township Department of Agriculture is also providing education and guidance to farmers intending to grow vegetables on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions.

**SMK**

# First plane carrying hantavirus ship evacuees leaves Canary Islands



TENERIFE May 10

The first plane carrying Spanish passengers evacuated from Hantavirus-hit cruise ship MV Hondius departed from Spain's Canary Islands for Madrid on Sunday.

Buses operated by Spain's Military Emergencies Unit transported the evacuees directly from the Port of Granadilla to the runway of Tenerife South Airport under the escort of Spanish Civil Guard.

The group, consisting of 14 Spanish nationals - 13 passengers and one crew member - were the first to disembark from the vessel. They are being transferred to the Torrejon de Ardoz air base near Madrid before completing isolation procedures at the Gomez Ulla Central Defence Hospital, according to Spanish authorities.

Spanish Health Minister Monica Garcia said the operation was going on under "all necessary safety measures." She also confirmed that all remaining passengers onboard the cruise ship remain asymptomatic.

The final repatriation flight is expected to depart on Monday and will transport Australian citizens. The Netherlands is also expected to send what Spanish media described as a "sweep flight" on Monday afternoon to collect passengers who have not been repatriated by their respective countries. **Xinhua**

## Germany's Merz threatens Slovak PM over Victory Day trip to Moscow

BERLIN May 10

Russian Foreign Ministry spokeswoman Maria Zakharova has hit back at German Chancellor Friedrich Merz after he criticized Slovak Prime Minister Robert Fico for attending Victory Day celebrations in Moscow.

Merz said he "deeply regretted" Fico's trip and claimed it did not reflect the EU's "common view," speaking at a press conference in Stockholm on Saturday.

"We will talk with him about this day in Moscow today," he said. "We are celebrating Europe Day here in Stockholm today. And this is something completely different."

When asked to comment on Merz's remarks, Zakharova argued that modern Europe would not exist without the Soviet sacrifice that led to the defeat of Nazi Germany in 1945.

"There would be no Europe Day without the victory of the Soviet people. There would only be one vast concentration camp with gas chambers," she said in an interview with RIA Novosti later the same day.

The spokeswoman added that despite numerous attempts "to save them," EU nations "always reorganize themselves into a concentration camp."

Fico, who has long opposed Brussels' stance toward Moscow, including military aid to Kiev and anti-Russian sanctions, was the only EU leader to attend the Victory Day commemorations in person this year.

Despite Lithuania and Latvia refusing his aircraft access to their airspace, the Slovak leader insisted he would still travel to Russia, saying the Baltic states would not prevent him from paying tribute to those who liberated Slovakia from Nazi occupation.

After the official part of the event, Fico held talks with Russian President Vladimir Putin and several senior officials, including Foreign Minister Sergey Lavrov, Deputy Prime Minister Aleksandr Novak, and presidential aide Yury Ushakov.

Putin praised Fico's "unwavering stance on preserving the historical truth about the events of the Second World War and the Red Army's role in liberating Europe from Nazism," and highlighted the contribution of Slovak resistance fighters to the defeat of Nazi Germany.

The Russian president also thanked Slovakia for preserving Soviet war memorials and burial sites, noting that the official opening of a Red Army military cemetery in Michalovce is expected soon.

**RT**

## Witkoff, Kushner may come to Russia soon - Kremlin Aide

MOSCOW May 10

US special envoys Steve Witkoff and Jared Kushner may come to Russia soon enough, and the dialogue with them will continue, Kremlin aide Yury Ushakov said on Sunday.

"Sooner or later, I think soon enough, our permanent colleagues Steve Witkoff and Kushner will come to Moscow, and we will continue our dialogue with them," Ushakov told Russian journalist Pavel Zarubin.

Earlier, US special envoy Steve Witkoff and Jared Kushner visited the Kremlin in late 2025 and January 2026, where the US representatives held talks on the US peace plan for Ukraine. **Sputnik**

## Ukrainian settlement stalls without Kiev withdrawing troops from Donbass – Kremlin Aide

MOSCOW May 10

The Ukrainian settlement will not advance even after dozens of rounds of negotiations if Ukraine does not withdraw its armed forces from the Donbass region, Kremlin aide Yury Ushakov said on Sunday.

Ukraine realizes it needs to pull out its troops from Donbass and that "sooner or later" they will do it anyway, Ushakov said. In this regard, the advancement in Ukraine talks will open precisely after Ukraine takes this step, yet it is the European Union that supports Ukraine in refusing to withdraw its troops, the aide said.

Ukraine realizes it needs to pull out its troops from Donbas and that "sooner or later" it will do so anyway, Ushakov said. In this regard, the advancement in the Ukraine talks will open precisely after Ukraine takes this step, yet it is the European Union that supports Ukraine in refusing to withdraw its troops, he added.

"So far, with the support of the Europeans, they [Ukrainian leadership] refuse to take this reasonable step. At least they refuse even to begin discussing this step," Ushakov said. **Sputnik**

## Qatari, Iranian FMs discuss regional security in phone call

DOHA May 10

Qatar's Prime Minister and Minister of Foreign Affairs Sheikh Mohammed bin Abdulrahman Jassim Al-Thani and Iranian Foreign Minister Seyed Abbas Araghchi on Sunday discussed regional developments and efforts aimed at promoting peace, security and stability.

During a phone call, Sheikh Mohammed reaffirmed Qatar's support for mediation efforts aimed at resolving the regional crisis through peaceful means and dialogue, according to a statement by Qatar's Foreign Ministry.

He also stressed that freedom of navigation is a well-established principle that should not be undermined, warning that closing the Strait of Hormuz or using it as a pressure tool would deepen the crisis and threaten the vital interests of countries in the region.

Qatar's Ministry of Defence said earlier in the day that a commercial cargo vessel in the country's territorial waters northeast of Mesaieed Port was targeted by a drone attack.

According to a statement by the ministry, the vessel, which was arriving from Abu Dhabi, caught fire after being struck on Sunday morning. **Xinhua**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 50 Questions 2 (do you know where … ? / he asked me where …)

### Exercises


**50.1 Which is right? Tick (✓) the correct alternative.**

1 a Do you know what time the film starts? ✓
b Do you know what time does the film start?
c Do you know what time starts the film?
2 a Why Amy does get up so early every day?
b Why Amy gets up so early every day?
c Why does Amy get up so early every day?
3 a I want to know what this word means.
b I want to know what does this word mean.
c I want to know what means this word.
4 a I can't remember where did I park the car.
b I can't remember where I parked the car.
c I can't remember where I did park the car.
5 a Why you didn't phone me yesterday?
b Why didn't you phone me yesterday?
c Why you not phoned me yesterday?
6 a Do you know where does Helen work?
b Do you know where Helen does work?
c Do you know where Helen works?
7 a How much it costs to park here?
b How much does it cost to park here?
c How much it does cost to park here?
8 a Tell me what you want.
b Tell me what you do want.
c Tell me what do you want.

**50.2 Put the words in the correct order.**

1 (it / you / what time / know / is) Do you know what time it is ? ...... ?
2 (is / to the airport / far / it) How ...... ?
3 (wonder / is / how / old / Tom) I ...... .
4 (they / married / been / have) How long ...... ?
5 (they / married / how long / been / have / know)
Do you ...... ?
6 (tell / the station / you / me / is / where)
Could ...... ?
7 (in the accident / injured / anyone / don't / whether / know / was)
I ...... .
8 (what / tomorrow / know / time / will / arrive / you / you)
Do ...... ?

**50.3 You were visiting London. You met a lot of people who asked you a lot of questions:**




**Now you tell a friend what people asked you. Use reported speech.**

1 He asked me where I was from. ......
2 She asked me ......
3 They ......
4 ......
5 ......
6 ......
7 ......
8 ......

Raymond Murphy

# အင်းစိန်မြို့နယ်၌ ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



**ရန်ကုန်  မေ  ၁၀**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်ခန်းမ၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေလ ၁၀ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းကမ်းချက်များကို အသိပညာပေး ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ အမှတ် (၆၉)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူး အောင်မျိုးလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သုံးဘီးဆိုင်ကယ်မောင်းနှင်သူများ တက်ရောက်ကြပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဝန်ထမ်းများက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သိရသည်။

ထွန်းလင်းကျော်(ပြန်/ဆက်)

# ပဲခူးဆေးရုံမှအထူးကုဆရာဝန်ကြီးများ ဝေါမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုကွင်းဆင်းဆောင်ရွက်ပေး

**ဝေါ  မေ  ၁၀**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ပဲခူးမြို့ ခုတင် - ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီးဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကျန်းမာရေးဝန်ထမ်းများသည် ယမန်နေ့ နံနက်ပိုင်းက ဝေါမြို့နယ် ညောင်ခါးရှည်တိုက်နယ်ဆေးရုံတွင် ရဟန်းရှင်လူ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးကြသည်။။

ဆေးကုသမှုလာ ရောက်ခံယူကြသည့် ပြည်သူများအား ဝေါမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအောင်နိုင်သည် ပဲခူးတိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးဒေါက်တာဇော်မင်းထွန်း၊ ပဲခူးမြို့ ခုတင် - ၅၀၀ ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့က လိုက်လံကြည့်ရှုကာ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဝေါမြို့နယ်အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးရာတွင် ဖျားနာရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးရောဂါ၊ အရေပြားရောဂါ၊ ခတ်မှန်၊



သွားနှင့်ခံတွင်းရောဂါ စသည့်ဘာသာရပ် ၁၀ ခုမှ အထူးကုဆရာဝန်ကြီးများဖြင့် လာရောက်ပြသသည့်လူနာ စုစုပေါင်း ၃၀၀ ဦးကျော်အား ကျန်းမာရေးစစ်ဆေးကုသမှုပြုလုပ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၄၁၀)

# ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း သင်တန်းဆင်း

**ကျောက်ဆည်  မေ  ၁၀**


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ဖွင့်လှစ်သည့် လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ) သင်တန်းဆင်းပွဲကို မေလ ၁၀ ရက်တွင် ဟန်မြင့်မိုရ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်စုအောင်က ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်း ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးသည့် သင်ခန်းစာများကို အကျိုးရှိစွာအသုံးချပြီး ကိုယ်ပိုင်လုပ်ငန်းများလုပ်ကိုင်နိုင်သည်အထိ ကြိုးစားကြရန် မှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြတ်စုအောင်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ လူသုံးကုန်ပစ္စည်းပြုလုပ်နည်း(ဆပ်ပြာ)သင်တန်းကို ဟန်မြင့်မိုရ်ကျေးရွာအုပ်စု ကျေးရွာများမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကို ငါးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)




# တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၃၄၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ရှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်

**ရန်ကုန်  မေ  ၁၀**

ရန်ကုန်မြို့ရှိ ရန်ကုန်စတော့အိတ်ချိန်း၌ မေလပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ်သိန်း ၃၄၀၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင်ရှစ်သောင်းခွဲကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် မေလ ၄ ရက်မှ ၈ ရက်အထိ စုစုပေါင်း ငွေကျပ် ၃၄၀၂၄၂၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၅၅၉၄ စောင် အရောင်းအဝယ် ပြုလုပ်နိုင်ခဲ့သည်။ ထိုသို့ အရောင်းအဝယ်ပြုလုပ်ရာတွင် ယခုတစ်ပတ်အတွင်း FMI ကုမ္ပဏီမှ ငွေကျပ်၉၄၅၅၈၀၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၇၇၉၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၁၂၄၂၃၂၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၆၉၂၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၈၃၃၅၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၇၇ စောင် အရောင်းအဝယ်ဖြစ်ခဲ့ရာ ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၄၄၄၁၁၄၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၆၁၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၉၆၅၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၁၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၃၈၉၉၆၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၁၉၂၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၂၅၇၀၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၄၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခင်တစ်ပတ်ကထက် အရောင်းအဝယ်မြင့်တက်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၅၁၇၃၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၆၁၉၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ခန့်ခန့်

# ဟော်မုရေလက်ကြား၌ တောင်ကိုရီးယားသင်္ဘော အမျိုးအမည်မသိ အရာတစ်ခု ထိမှန်ခြင်းဖြစ်

**ဆိုး၊ စစ်ရေး**

ဟော်မုရေလက်ကြား၌ ကျောက်ချရပ်နားထားသော တောင်ကိုရီးယားနိုင်ငံပိုင် ကုန်တင်သင်္ဘောတစ်စင်းသည် မေလ ၄ ရက်တွင် ဝေဟင်မှပျံသန်းလာသည့်အမျိုးအမည်မသိအရာတစ်ခုထိမှန်ခံရခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရ ပူးပေါင်းစုံစမ်းစစ်ဆေးရေးအဖွဲ့က အတည်ပြုလိုက်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၁၀ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါထိမှန်မှုကြောင့် သင်္ဘောပေါ်၌ ပေါက်ကွဲမှုနှင့် မီးလောင်မှုဖြစ်ပွားခဲ့သော်လည်း လိုက်ပါလာသည့်သင်္ဘောသား ၂၄ ဦး စလုံး ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း အတည်ပြုထားသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဖြစ်စဉ်နှင့်ပတ်သက်၍ မေလ ၈ ရက်တွင် အခင်းဖြစ်ပွားရာနေရာသို့ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခြင်းဖြစ်သည်။

သင်္ဘောကိုထိမှန်သည့် အရာဝတ္ထု၏ အမျိုးအစားနှင့် ပုံသဏ္ဍာန်အတိအကျကို သိရှိနိုင်ရန်ခက်ခဲကြောင်း ဝန်ကြီးဌာနက ဆိုသည်။ အခင်းဖြစ်နေရာမှ ကောက်ယူရရှိသည့် အပျက်အစီးအစအနများကို ဆက်လက်ခွဲခြမ်းစိတ်ဖြာ စစ်ဆေးသွားမည်ဖြစ်ကြောင်းလည်းထုတ်ပြန်ထားသည်။

**Ref: Xinhua**

# အီရန်ကိုဖုံးကွယ်တိုက်ခိုက်ရန် အစ္စရေးက အီရတ်နိုင်ငံအတွင်း လျှို့ဝှက်စစ်စခန်းတစ်ခု တည်ဆောက်ခဲ့ဟုဆို



**ဝါရှင်တန်၊ စစ်ရေး**

အီရန်နိုင်ငံအပေါ် ဝေဟင်ထိုးစစ်ဆင်နွှဲရာတွင် အထောက်အကူပြုရန် အစ္စရေးက အီရတ်သဲကန္တာရအတွင်း လျှို့ဝှက်စစ်စခန်းတစ်ခုတည်ဆောက်ခဲ့ပြီး အဆိုပါစခန်းကို တွေ့ရှိသည့် အီရတ်တပ်ဖွဲ့ဝင်များကိုပင် ပြန်လည်တိုက်ခိုက်ကြောင်း အမေရိကန်တာဝန်ရှိသူများ၏ပြောဆိုမှုကို ကိုးကား၍ Wall Street Journal က မေလ ၉ ရက်တွင် ဖော်ပြသည်။ အမေရိကန်နှင့်အစ္စရေးက အီရန်အပေါ် စစ်ဆင်ရေးမစတင်မီ အဆိုပါလျှို့ဝှက်စခန်းကိုအခြေချခြင်းဖြစ်ပြီး အမေရိကန်ဘက်ကလည်း ယင်းအခြေအနေကို သိရှိထားသည်ဟု တာဝန်ရှိသူများက ဆိုသည်။

ထိုစခန်းသည် အစ္စရေးအထူးတပ်ဖွဲ့များ ရုံးစိုက်ရာနှင့် လေကြောင်းတပ်ဖွဲ့အတွက် ထောက်ပံ့ရေးဗဟိုဌာနအဖြစ် လုပ်ဆောင်ပေးခဲ့ပြီး မတ်လအစောပိုင်းတွင် ဒေသခံသိုးကျောင်းသားတစ်ဦးက ပုံမှန်မဟုတ်သော စစ်ရေးလှုပ်ရှားမှုများကို သတိပြုမိရာမှတစ်ဆင့် အီရတ်စစ်ဘက်မှတာဝန်ရှိသူများလာရောက်စစ်ဆေးစဉ် အစ္စရေးတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် အီရတ်စစ်သည်တစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိသဖြင့် ဘဂ္ဂဒတ်အစိုးရက အမေရိကန်ကိုအပြစ်တင်ဝေဖန်ထားသည်။

ထိုအခြေအနေနှင့်ပတ်သက်၍ အစ္စရေးသည် အမေရိကန်နိုင်ငံကို စစ်ပွဲအတွင်းသို့ ဆွဲသွင်းနေခြင်းဖြစ်ကြောင်း အမေရိကန်အကြမ်းဖက်မှုတိုက်ဖျက်ရေး အကြီးအကဲဟောင်း ဂျိုးကန့်ကပြောထားသည်ဟုသိရသည်။

**Ref: RT**

# ကမ္ဘာ့ရေနံလက်ကျန် အရန်သိုလှောင်မှုများ စံချိန်တင်နှုန်းဖြင့် လျော့နည်းလာနေ

**နယူးယောက်၊ စွမ်းအင်**

ဟော်မုရေလက်ကြားတွင် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် ကမ္ဘာ့ရေနံလက်ကျန် အရန်သိုလှောင်မှုက စံချိန်တင်အမြန်ဆုံးနှုန်းဖြင့် လျော့နည်းနေကြောင်း Bloomberg သတင်းဌာနက ဖော်ပြသည်။ မတ်လ ၁ ရက်မှ ဧပြီလ ၂၅ ရက်အတွင်း ကမ္ဘာ့ရေနံသိုလှောင်မှုမှာ တစ်ရက်လျှင် စည်ပေါင်း ၄ ဒသမ ၈ သန်းဝန်းကျင်လျော့ကျသွားကြောင်း Morgan Stanley ၏ အချက်အလက်ကို ကိုးကား၍ သတင်းဌာနက မေလ ၉ ရက်တွင် ဖော်ပြခြင်းဖြစ်သည်။

ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ရည်ကုန်သွယ်မှု ငါးပုံတစ်ပုံခန့် ဖြတ်သန်းရာ ဟော်မုရေလက်ကြားတွင် အမေရိကန်-အစ္စရေးနှင့် အီရန်တို့အကြား စစ်ရေးအရ တိုက်ခိုက်မှုများဖြစ်ပြီးနောက် ရေနံတင်သင်္ဘောများသွားလာမှုမှာ အကြီးအကျယ် ထိခိုက်နေရသည်။ လက်ရှိတွင် မတည်ငြိမ်မှုဆက်လက်ဖြစ်ပွားနေပါက ရေနံအရန်သိုလှောင်မှုမှာ လုပ်ငန်းလည်ပတ်ရန်ခက်ခဲသောအဆင့်သို့ ရောက်သွားနိုင်ကြောင်း သိရသည်။

**Ref: RT**

# ကူဝိတ်လေပိုင်နက်အတွင်း ကျူးကျော်ဝင်လာသည့် ဒရုန်းများကို ကြားဖြတ်ဟန့်တားရဟုဆို

**ကူဝိတ်စီးတီး၊ စစ်ရေး**

ကူဝိတ်နိုင်ငံ၏ လေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ဒရုန်းများကို မေလ ၁၀ ရက်တွင် ရှာဖွေတွေ့ရှိပြီး ကြားဖြတ်ဟန့်တားလိုက်ရကြောင်း ကူဝိတ်စစ်ဘက်ကထုတ်ပြန်ထားသည်။ အဆိုပါဒရုန်းများကို မေလ ၁၀ ရက် အရုဏ်တက်ချိန်တွင်တွေ့ရှိခြင်းဖြစ်ပြီး သတ်မှတ်ထားသော စစ်ဘက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်းကိုင်တွယ်ဖြေရှင်းခဲ့ခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အဆိုပါဒရုန်းများ မည်သည့်နေရာမှ လာသည်နှင့် အရေအတွက်မည်မျှရှိသည်ကို တာဝန်ရှိသူများကထုတ်ဖော်ပြောခြင်း မရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်ကို တွေ့ရသည်။ သို့သော် ထိုဒရုန်းများသည် အီရန်မှဖြစ်နိုင်ကြောင်း လေ့လာသူအချို့က ပြောထားသည်။

**Ref: Xinhua**

# ဟန်တာဗိုင်းရပ်ကူးစက်မှုဖြစ်ပွားသည့် သင်္ဘောမှ ခရီးသည်များကို စတင်ရွှေ့ပြောင်း



**မက်ဒရစ်၊ ကျန်းမာရေး**

ဟန်တာဗိုင်းရပ်ကူးစက်မှုဖြစ်နေသည့် MV Hondius အပျော်စီးသင်္ဘောပေါ်မှ ခရီးသည်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ကြီးကြပ်မှုဖြင့် စတင်ရွှေ့ပြောင်းနေပြီဖြစ်ကြောင်းသိရသည်။ ထိုခရီးသည်များကိုတင်ဆောင်လာသည့် ပထမဆုံးလေယာဉ်သည် မေလ ၁၀ ရက်တွင် စပိန်နိုင်ငံ ကနေရီကျွန်းစုမှ မက်ဒရစ်မြို့ရှိ စစ်ဆေးရုံသို့ ထွက်ခွာသွားပြီဖြစ်သည်။ ထိုသင်္ဘောသည် အာဖရိကအနောက်ဘက်ကမ်းရိုးတန်းရှိ တက်နရစ်ကျွန်းအနီးတွင် ဆိုက်ကပ်ထားပြီး စပိန်နိုင်ငံသား ၁၄ ဦးကို ပထမဆုံးလေယာဉ်ဖြင့် ဦးစွာရွှေ့ပြောင်းပေးခဲ့ခြင်းဖြစ်သည်။

သင်္ဘောပေါ်တွင် လိုက်ပါလာသူပေါင်း ၁၄၀ ကျော်တွင် ဗိုင်းရပ်ကူးစက်ခံရသည့် လက္ခဏာများမတွေ့ရသေးကြောင်း စပိန်ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် သင်္ဘောကုမ္ပဏီတို့က ထုတ်ပြန်ထားသည်။ သို့သော်လည်း အာဂျင်တီးနားနိုင်ငံမှ ဧပြီလအတွင်း ထွက်ခွာလာသည့် ယင်းသင်္ဘောပေါ်တွင် နယ်သာလန်နိုင်ငံမှ ဇနီးမောင်နှံနှစ်ဦးနှင့် ဂျာမနီမှအမျိုးသမီးတစ်ဦးတို့အသက်ဆုံးရှုံးပြီး အခြားသူအချို့လည်း ဖျားနာမှုများဖြစ်ပွားသည်။

စပိန်နိုင်ငံသား ၁၄ ဦးမှာ မက်ဒရစ်သို့ရောက်ရှိပါက သီးခြားခွဲနေထိုင်ရမည်ဖြစ်ပြီး ကျန်ရှိသည့်ခရီးသည်နှင့်ဝန်ထမ်းများကို မေလ ၁၁ ရက်တွင် ဩစတြေးလျနိုင်ငံသို့ လေယာဉ်ဖြင့် ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Ref: SCMP**

# ပါကစ္စတန်၌ ရဲစခန်းတစ်ခုတိုက်ခိုက်ခံရ ရဲတပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံး

**အစ္စလာမ်မာဘတ်၊ အကြမ်းဖက်မှု**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် ရဲစခန်းတစ်ခု၌ ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အခင်းဖြစ်ရာနေရာသို့လာကြသော ရဲတပ်ဖွဲ့ဝင်များ ချုံခိုတိုက်ခိုက်ခံရခြင်းကြောင့် ရဲတပ်ဖွဲ့ဝင် ၁၄ ဦးသေဆုံးရကြောင်း ရဲတပ်ဖွဲ့က မေလ ၁၀ ရက်တွင် ထုတ်ပြန်ထားသည်။

သေဆုံးသည့်ရဲတပ်ဖွဲ့ဝင်များမှာ ဗုံးခွဲတိုက်ခိုက်ခံရသည့် ရဲစခန်းမှဖြစ်ကြောင်း၊ ထိုရဲစခန်းတိုက်ခိုက်ခံရမှုတွင် အသက်ရှင်ကျန်ရစ်သူသုံးဦးရှိကြောင်း၊ ၎င်းတို့သုံးဦးစလုံးကို ဆေးရုံသို့ပို့ဆောင်ထားကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။


အကြမ်းဖက်သမားများသည် ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသောကားဖြင့် ရဲစခန်းဂိတ်တံခါးဝကို ဦးစွာဝင်တိုက်ပြီးနောက် ရဲစခန်းအတွင်းဝင်ရောက်ကာ ပစ်ခတ်မှုများလုပ်ဆောင်ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲအရာရှိတစ်ဦးကပြောသည်။

ထို့နောက် တိုက်ခိုက်ခံရသောရဲစခန်းသို့ စစ်ကူများစေလွှတ်ခဲ့သော်လည်း ထိုစစ်ကူများကို အကြမ်းဖက်သမားများက လမ်းတွင်ကြားဖြတ်၍ ချုံခိုတိုက်ခိုက်ခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာရရှိမှုများရှိကြောင်းနှင့် အကြမ်းဖက်သမားများသည် ဒရုန်းများကိုပါအသုံးပြုကြောင်း အဆိုပါအရာရှိကပြောသည်။

**Ref: AGC**



# နည်းပညာအသာစီးရမှုမှသည် ပထဝီနိုင်ငံရေးနွံထဲသို့




ကမ္ဘာ့အခင်းအကျင်းကြီးတစ်ခုလုံးဟာ တစ်နေ့တခြား ပိုမိုရှုပ်ထွေးလာနေပြီး အင်အားကြီးနိုင်ငံတွေရဲ့ ထိပ်တိုက်ရင်ဆိုင်မှုတွေဟာ နည်းပညာနဲ့စီးပွားရေး နယ်ပယ်တွေအထိ ကျယ်ပြန့်လာတာတွေ့ရပါတယ်။ အထူးသဖြင့် ဒေါ်နယ်ထရမ့်က အမေရိကန်သမ္မတအဖြစ် ဒုတိယအကြိမ်တာဝန်ထမ်းဆောင်ရလာပြီး နောက်ပိုင်းချမှတ်တဲ့ မဟာဗျူဟာမြောက်စီမံကိန်းကြီးတွေက အခုဆိုရင် အီရန်နဲ့ဖြစ်နေတဲ့စစ်ပွဲကြောင့် ကြီးမားတဲ့အဟန့်အတားတွေနဲ့ ကြုံတွေ့နေပါတယ်။ ဒီစစ်ပွဲဟာ အမေရိကန်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးနိုင်မှုကို အားနည်းသွားစေရုံတင်မကဘဲ သူတို့ရဲ့အနာဂတ်မျှော်လင့်ချက်ဖြစ်တဲ့ Stargate လို့အမည်ပေးထားတဲ့ AI နည်းပညာစီမံကိန်းကြီးကိုပါ ကြီးကြီးမားမား ထိခိုက်စေတယ်လို့ လေ့လာသူများကသုံးသပ်ထားပါတယ်။

ထရမ့်က အမေရိကန်ဒေါ်လာ ၅၀၀ ဘီလီယံအထိ ကုန်ကျမယ့် Stargate AI စီမံကိန်းကြီးကို ပြီးခဲ့တဲ့နှစ်ဇန်နဝါရီလမှာ ကြေညာခဲ့တာပါ။ စီမံကိန်းရဲ့ရည်ရွယ်ချက်က ကမ္ဘာ့ဉာဏ်ရည်တုနယ်ပယ်မှာ အမေရိကန်နိုင်ငံက ထာဝရအသာစီးရနေဖို့ဖြစ်ပါတယ်။ ဒီလိုမျိုးလုပ်ငန်းစဉ်မှာ OpenAI၊ SoftBank နဲ့ Oracle လိုမျိုး ကမ္ဘာ့ထိပ်တန်း နည်းပညာကုမ္ပဏီကြီးတွေကလည်း ပါဝင်ပူးပေါင်းနေကြပါတယ်။ အထူးသဖြင့် ဒီစီမံကိန်းရဲ့ အရေးအကြီးဆုံးအစိတ်အပိုင်းတစ်ခုကတော့ အာရပ်စော်ဘွားများပြည်ထောင်စုမှာ ကမ္ဘာ့အကြီးဆုံး AI ဒေတာစင်တာကြီးကိုတည်ဆောက်ဖို့ပါပဲ။ ထရမ့်က ပြီးခဲ့တဲ့မေလမှာ အရှေ့အလယ်ပိုင်းကိုသွားရောက်ပြီး ဒီစီမံကိန်းကိုအကောင်အထည်ဖော်ဖို့ ခြေလှမ်းတွေစတင်တာဖြစ်ပေမယ့် အီရန်စစ်ပွဲက Stargate စီမံကိန်းနှလုံးသားကိုထိမှန်သွားစေခဲ့ပါတယ်။

အီရန်နိုင်ငံက အာရပ်စော်ဘွားများပြည်ထောင်စုရှိ ဒေတာစင်တာတွေကို တိုက်ခိုက်လိုက်တဲ့အတွက် အရှေ့အလယ်ပိုင်းဒေသမှာ AI နည်းပညာကိုချဲ့ထွင်ဖို့ အမေရိကန်ရဲ့အစီအစဉ်တွေဟာ မရေမရာဖြစ်သွားရပါတယ်။ ဒါကြောင့် အမေရိကန်က မှားယွင်းတဲ့စစ်ပွဲကို တိုက်နေတာဖြစ်ပြီး ဒီပဋိပက္ခဟာ အမေရိကန်နိုင်ငံရဲ့ တစ်ကမ္ဘာလုံးအပေါ်မှာ ဩဇာအာဏာကျဆင်းမှုကို ပိုပြီးမြန်ဆန်သွားစေတယ်လို့ တရုတ်ပညာရှင်တစ်ဦးဖြစ်တဲ့ ပါမောက္ခ လီဝေကဆိုပါတယ်။ လက်ရှိအချိန်အထိ အမေရိကန်ဟာ ဒီစစ်ပွဲကနေ သိသာထင်ရှားတဲ့ အကျိုးအမြတ်ဘာမှမရတဲ့အပြင် ဥရောပ၊ အာရှနဲ့ အရှေ့အလယ်ပိုင်းရှိ မဟာမိတ်တွေကြားမှာတောင် အမေရိကန်ရဲ့ စစ်ရေးစွမ်းရည်နဲ့ မဟာဗျူဟာမြောက်ဆုံးဖြတ်ချက်တွေအပေါ် သံသယတွေတိုးပွားလာစေခဲ့ပါတယ်။

အမေရိကန်-အစ္စရေးနဲ့ အီရန်တို့ကြားဖြစ်နေတဲ့ စစ်ပွဲက အမေရိကန်စစ်အင်အား ဘယ်လောက်အထိ အကန့်အသတ်ရှိသလဲဆိုတာကို ဖော်ပြနေတယ်လို့ ပညာရှင်တစ်ဦးဖြစ်တဲ့ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ လေ့လာရေးဌာန ညွှန်ကြားရေးမှူး ထျန်ဝမ်လင်းက ထောက်ပြပါတယ်။ အမေရိကန်ရဲ့ နိုင်ငံတော်ကြွေးမြီ ဒေါ်လာ ၃၉ ထရီလီယံအထိရှိနေချိန် ဒီစစ်ပွဲအတွက် ကုန်ကျစရိတ် ဒေါ်လာဘီလီယံ ၅၀ က အားနည်းတဲ့ သူတို့ရဲ့စီးပွားရေးအပေါ် ကြီးမားတဲ့ဝန်ထုပ်ဝန်ပိုး ဖြစ်စေမှာပါ။ တစ်ဖက်မှာ အီရန်နိုင်ငံက ဒရုန်းတွေနဲ့ အသုံးနှုန်းလွန်ဒုံးကျည်တွေကို အသုံးပြုတိုက်ခိုက်နိုင်လာတာဟာ အမေရိကန်ရဲ့သမားရိုးကျစစ်အင်အားအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်နေပါတယ်။ ဒါကြောင့် အမေရိကန်ရဲ့ စစ်ရေးအရအနိုင်မခံဘူးဆိုတဲ့ ဒဏ္ဍာရီဟာ အခုတော့ပြိုပျက်သွားပါပြီလို့တောင် ပညာရှင်တချို့ကမှတ်ချက်ပေးထားပါတယ်။

အခုလိုအချိန်မှာ အမေရိကန်ဟာ အကျပ်အတည်းတစ်ခုထဲပိတ်မိနေပါတယ်။ စစ်ပွဲကို စောစောစီးစီး ရပ်လိုက်ရင် သူတို့ကိုယ်သူတို့ စက္ကူကျားဖြစ်ကြောင်း ပြသရာရောက်မယ်။ စစ်ထဲမှာ ပိုပြီးနက်နက်ရှိုင်းရှိုင်း ပါဝင်ရင်လည်း ဗီယက်နမ်စစ်ပွဲလိုမျိုး ရုန်းထွက်လို့မရနိုင်တဲ့နွံထဲကျသွားနိုင်ပါတယ်။ အခုလိုမျိုး အကျိုးအမြတ်မရှိတဲ့အခြေအနေကြောင့် အမေရိကန်မူဝါဒချမှတ်သူတွေဟာ ဆုံးဖြတ်ချက်မချနိုင်ဘဲ ဝေခွဲမရဖြစ်နေကြပါတယ်။ တစ်ဖက်မှာ အီရန်ရဲ့ ဩဇာဟာ တက်လာခဲ့ပြီး ကမ္ဘာ့ရေနံတင်ဆောင်ဖြတ်သန်းရာ အဓိကလမ်းကြောင်းဖြစ်တဲ့ ဟော်မုရေလက်ကြားကို ထိန်းချုပ်ထားနိုင်တာကြောင့် အမေရိကန်အတွက် ပိုပြီးခေါင်းခဲစရာဖြစ်လာပါတယ်။ အမေရိကန်နိုင်ငံဟာ အီရန်လိုမျိုး ပိတ်ဆို့ခံထားရတဲ့နိုင်ငံငယ်ကိုတောင် ထိထိရောက်ရောက်မကိုင်တွယ်နိုင်ရင် တရုတ်နိုင်ငံလို အင်အားကြီးနိုင်ငံအပေါ် ဖိအားပေးနိုင်စွမ်းမှာလည်း ပျောက်ကွယ်သွားပြီလို့ စီးပွားရေးသုတေသီတစ်ဦးဖြစ်တဲ့ မော်ကျန်းဟွာကဆိုပါတယ်။

ဒီနေရာမှာ သတိထားရမယ့်အချက်တစ်ချက်က နည်းပညာအသစ်တွေကို ရှာဖွေဖော်ထုတ်တဲ့နေရာမှာ ရှေ့ပြေးပုံစံတွေရဲ့အခန်းကဏ္ဍက အရေးကြီးလာခြင်းဖြစ်ပါတယ်။ ဘယ်လိုအင်အားကြီးတဲ့စီမံကိန်းဖြစ်ပါစေ လက်တွေ့မြေပြင်မှာရှိတဲ့ ပထဝီနိုင်ငံရေးပဋိပက္ခရဲ့ ဒဏ်တွေကိုရှောင်လွှဲခြင်းငှာ မစွမ်းသာဘူးဆိုတာ Stargate စီမံကိန်းကြီးက သက်သေပြနေပါတယ်။ Stargate ဆိုတာဟာ အမေရိကန်နိုင်ငံရဲ့ အနာဂတ်စီးပွားရေးနဲ့ကာကွယ်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်လာစေဖို့ရည်ရွယ်ထားတာပါ။ AI ဒေတာစင်တာတွေဟာ ခေတ်သစ်စီးပွားရေးရဲ့ရေနံတွင်းတွေလိုပဲ အဖိုးတန်လာပါတယ်။ အီရန်နိုင်ငံရဲ့ တိုက်ခိုက်မှုဟာ ဒီရေနံတွင်းတွေကို တိုက်ရိုက်ထိမှန်တာမျိုးဖြစ်လို့ အမေရိကန်နိုင်ငံရဲ့ ရေရှည်နည်းပညာမဟာဗျူဟာကို အကြီးအကျယ်ယိုင်နဲ့သွားစေပါတယ်။ အမေရိကန်ရဲ့ မဟာမိတ်ဖြစ်တဲ့ အာရပ်စော်ဘွားများပြည်ထောင်စုလိုနိုင်ငံတွေမှာ ဒီလောက်အထိကြီးမားများပြားလှတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ထားခြင်းက တကယ်တမ်းစစ်ဖြစ်လာတဲ့အခါ လုံခြုံမှုရှိပါ့မလားဆိုတဲ့ မေးခွန်းတွေဟာ အခုဆိုရင် အတိုင်းသားထွက်ပေါ်လာနေပါပြီ။

အမေရိကန်ရဲ့ နိုင်ငံရေးအခင်းအကျင်းမှာလည်း ထရမ့်ရဲ့ "America First" မူဝါဒနဲ့ အခုလိုမျိုးစစ်ပွဲတွေကြားထဲကပဋိပက္ခဖြစ်မှုဟာ ပိုပြီးသိသာလာပါတယ်။ ပြည်တွင်းမှာ ကြွေးမြီတွေတောင်ပုံရာပုံရှိနေချိန်မှာ ပြည်ပစစ်ပွဲတွေအတွက်ကုန်ကျစရိတ်ကို ဘီလီယံချီ သုံးစွဲနေရတာဟာ အမေရိကန်ပြည်သူတွေကြားမှာ မကျေနပ်မှုတွေကိုဖြစ်စေနိုင်ပါတယ်။ တရုတ်နိုင်ငံမှ ပညာရှင်တွေသုံးသပ်သလိုပဲ အမေရိကန်ဟာ စစ်ရေးအရရော စီးပွားရေးအရပါ တစ်ပြိုင်တည်းဖိအားပေးခံနေရတာပါ။ အီရန်ရဲ့ အချိုးမညီစစ်ပွဲဆင်နွှဲနိုင်စွမ်းက အမေရိကန်ရဲ့စစ်ရေးအသာစီးရမှုကို စိန်ခေါ်နေသလို တရုတ်ရဲ့စီးပွားရေးနဲ့ နည်းပညာတိုးတက်မှုကလည်း အမေရိကန်ရဲ့ဦးဆောင်မှုကို စိန်ခေါ်နေပါတယ်။

တကယ်တော့ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခဟာ အီရန်နဲ့ အမေရိကန်ကြားတင်မကဘဲ တစ်ကမ္ဘာလုံးရဲ့ စွမ်းအင်ဈေးကွက်နဲ့ ကုန်သွယ်ရေးလမ်းကြောင်းကိုပါ ရိုက်ခတ်နေတာပါ။ ဟော်မုရေလက်ကြားကို အီရန်က ထိန်းချုပ်နိုင်တာဟာ အနောက်နိုင်ငံတွေရဲ့စွမ်းအင်ဖူလုံရေးကို ဓားစာခံလုပ်ထားသလိုဖြစ်နေပါတယ်။ အမေရိကန်အနေနဲ့လည်း အီရန်နဲ့စစ်ပွဲကိုအနိုင်ရဖို့ ကြိုးစားရင်းနဲ့ သူတို့ရဲ့အနာဂတ်ဖြစ်တဲ့ နည်းပညာကဏ္ဍကိုစတေးလိုက်ရတော့မလားဆိုတဲ့ အကျပ်အတည်းက တကယ့်ကိုကြီးမားလှပါတယ်။ စစ်ပွဲတစ်ခုကိုတိုက်ခိုက်ဖို့ကလွယ်ပေမယ့် အဲဒီစစ်ပွဲကနေ သိက္ခာရှိရှိ၊ အကျိုးရှိရှိထွက်ခွာနိုင်ဖို့ ပိုခက်ခဲပါတယ်။ အမေရိကန်နိုင်ငံဟာ အခုအချိန်မှာ အဲဒီခက်ခဲတဲ့ လမ်းဆုံလမ်းခွကိုရောက်နေတာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ဆိုရင် Stargate စီမံကိန်းဟာ အမေရိကန်ရဲ့အိပ်မက်ဖြစ်ပြီး အီရန်စစ်ပွဲကတော့ အဲဒီအိပ်မက်ကိုဖျက်ဆီးတဲ့ အဆိုးဆုံးသောအနှောင့်အယှက်ပါပဲ။ နိုင်ငံတကာဆက်ဆံရေးမှာ ကိုယ့်ရဲ့အားနည်းချက်တစ်ခုဟာ တစ်ဖက်သူအတွက် အခွင့်အလမ်းဖြစ်သွားတတ်ပါတယ်။ အခုဖြစ်ရပ်ကြီးဟာ ကမ္ဘာ့အာဏာချိန်ခွင်လျှာကို ကြီးကြီးမားမားလှုပ်ခတ်သွားစေနိုင်တဲ့ အစပျိုးမှုတစ်ခုလို့ဆိုရမှာဖြစ်ပါတယ်။ အမေရိကန်အနေနဲ့ သူရဲ့ဦးဆောင်မှုကို ဆက်လက်ထိန်းသိမ်းနိုင်မလား ဒါမှမဟုတ် အင်အားကြီးနိုင်ငံအသစ်တွေရဲ့ရှေ့တက်လာမှုကို လမ်းဖွင့်ပေးလိုက်ရမလားဆိုတာကတော့ လာမယ့်နှစ်အနည်းငယ်အတွင်းမှာ ပိုပြီးရှင်းရှင်းလင်းလင်းမြင်တွေ့ရမှာပဲဖြစ်ပါတယ်။ အခုအချိန်မှာတော့ နည်းပညာအသာစီးရထားတဲ့မဟာအင်အားကြီးနိုင်ငံက ပထဝီနိုင်ငံရေးနွံထဲကိုသက်ဆင်းလာနေတဲ့အတွက် ကမ္ဘာ့သမိုင်းရဲ့ အလှည့်အပြောင်းကြီးတစ်ခုကို ကျွန်တော်တို့ဟာ မျက်မြင်ကိုယ်တွေ့ကြုံတွေ့နေရပြီလို့ဆိုနိုင်ပါတယ်။

**Ref: SCMP**

**ထက်မြတ်**

---

# အီရန်မှလာသော ဒရုန်းနှစ်စင်းကို ယူအေအီးက ကြားဖြတ်ဟန့်တား

ဒူဘိုင်း၊ စစ်ရေး

အီရန်နိုင်ငံမှ ကျူးကျော်ဝင်ရောက်လာသည့် ဒရုန်းနှစ်စင်းကို လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့က မေလ ၁၀ ရက်တွင် ကြားဖြတ်ဟန့်တားခဲ့ကြောင်း အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး) ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။

ရေနံကြွယ်ဝသော ပင်လယ်ကွေ့နိုင်ငံဖြစ်သည့် ယူအေအီးအပေါ် အီရန်နိုင်ငံ၏ တစ်ကျော့ပြန်တိုက်ခိုက်မှုများထဲတွင် ယခုဖြစ်ရပ်မှာ နောက်ဆုံးဖြစ်ရပ်ဖြစ်သည်။ အမေရိကန်အစိုးရက အီရန်စစ်ပွဲကို အပစ်အခတ်ရပ်စဲရေးကြေညာလိုက်ပြီးနောက် လေးပတ်ကြာ ငြိမ်သက်နေခဲ့သော်လည်း ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အီရန်နိုင်ငံ၏ တိုက်ခိုက်မှုများကို ထပ်မံခံထားရကြောင်း ယူအေအီးက သတင်းထုတ်ပြန်သည်။

အီရန်နိုင်ငံဘက်ကမူ ၎င်းတို့အနေဖြင့် မကြာသေးမီရက်ပိုင်းအတွင်း ယူအေအီးအပေါ်တိုက်ခိုက်သည့် စစ်ဆင်ရေးများကို လုပ်ဆောင်ခဲ့ခြင်းမရှိဟုငြင်းဆိုထားသည်။ သို့သော်လည်း ယူအေအီးပိုင်နက်အတွင်းမှနေ၍ ၎င်းတို့အပေါ်တိုက်ခိုက်လာပါက ပြင်းထန်သော တုံ့ပြန်မှုပြုလုပ်သွားမည်ဟု အီရန်အစိုးရကသတိပေးထားသည်။

ထိုတိုက်ခိုက်မှုများကြောင့် ယူအေအီးအစိုးရသည် ပြီးခဲ့သည့်သီတင်းပတ်တွင် စာသင်ကျောင်းများကို အွန်လိုင်းစနစ်ဖြင့် ပြောင်းလဲသင်ကြားခဲ့ရသော်လည်း မေလ ၁၁ ရက်မှစတင်ကာ ကျောင်းများကိုပြန်ဖွင့်ထားကြောင်းသိရသည်။

**Ref: ST**



တရားခံ မဖြူစင်တင်လှ(ခ)ဖြူစင်နှင့် မဇွန်ဇင်ဦး(ခ)မိုင်လီတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၁၁၅ ပြားနှင့်အတူ တွေ့ရစဉ်။



တရားခံ မမာလာအား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၁၆၀ ပြားနှင့်အတူ တွေ့ရစဉ်။



တရားခံ မနီလာခိုင်(ခ)လွယ်နူး(ခ)ဘောပြားနှင့် အောင်ရဲကျော်(ခ)မြင့်ကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၂၄၀၀၀ ပြားနှင့်အတူ တွေ့ရစဉ်။

→ ကျောဖုံးမှအဆက်

မင်္ဂလာရန်ကင်း ပြည်သူ့အင်အားအိမ်ရာနေ မမာလာအား စိတ်ကြွဆေးပြား ၁၆၀ ပြားနှင့်အတူဆက်လက်ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မေလ ၁ ရက်နေ့ မွန်းတည့် ၁၂ နာရီအချိန် ပုသိမ်ကြီးမြို့နယ်၊ ကွေ့ကြီးကုန်းကျေးရွာ၊ ရေတံခွန်တောင်ရပ်တွင် မနီလာခိုင်(ခ)လွယ်နူး(ခ)ဘောပြားအား စိတ်ကြွဆေးပြား ၂၄၀၀၀ ပြား၊ NISSAN TIIDA မော်တော်ယာဉ် ၁ စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်း၏ဖော်ထုတ်ချက်အရ ယင်းနေ့ မွန်းလွဲ ၁ နာရီအချိန် စိတ်ကြွဆေးပြားများရောင်းချခိုင်းသူ အောင်ရဲကျော်(ခ)မြင့်ကျော်အား ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ်ရှိမအားဖန်(ခ)ဆိုင်ဘန်း၏ နေအိမ်၌သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၁၄ ဒသမ ၇ သိန်းအား လည်းကောင်း၊ စဉ့်ကိုင်မြို့နယ်ရှိ ၎င်းငှားရမ်းထားသည့်နေအိမ်တွင် သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၆ ဒသမ ၀၆ သိန်းအားလည်းကောင်း အသီးသီးဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးမှုဖြစ်စဉ်တွင် စုစုပေါင်းဒေသတန်ဖိုး ငွေကျပ် ၃ ဒသမ ၁၆၂၅ ဘီလီယံတန်ဖိုးရှိစိတ်ကြွဆေးပြား ၂၁ ဒသမ ၀၀၂၇၅ သိန်းအား ဖမ်းဆီးရမိခဲ့ပါသည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နေ အားယုံ(ဖမ်းဆီးရန်ကျန်)မှ မန္တလေးမြို့တွင် ဖြန့်ဖြူးရောင်းချရန် ပေးပို့ထားခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)



တရားခံ အောင်ရဲကျော်(ခ)မြင့်ကျော်အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၆ ဒသမ ၀၆ သိန်းနှင့်အတူ တွေ့ရစဉ်။

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၁-၅-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၅၀၀ | ၄၆၉၀ | ၄၆၃၀ | ၄၅၂၀ | ၄၆၉၀ | ၄၇၀၅ | ၄၇၅၅ | ၄၆၀၀ | ၄၇၅၅ | ၅၀၇၀ | ၄၆၂၀ | ၄၈၁၅ | ၄၇၂၅ | ၄၆၈၀ | ၄၆၈၀ | ၄၈၉၀ |
| 95 Ron | ၄၆၅၀ | ၄၈၄၀ | ၄၇၇၅ | ၄၆၆၅ | ၄၈၄၀ | ၄၈၅၀ | ၄၉၀၀ | ၄၇၅၀ | ၄၉၀၀ | ၅၂၂၀ | ၄၇၇၀ | ၄၉၈၅ | ၄၈၇၅ | ၄၈၃၀ | ၄၈၃၀ | ၅၀၄၀ |
| HSD (500 ppm) | ၅၀၅၀ | ၅၂၃၀ | ၅၁၇၀ | ၅၀၆၅ | ၅၂၃၀ | ၅၂၄၀ | ၅၂၉၀ | ၅၁၄၅ | - | ၅၅၉၅ | ၅၁၆၅ | ၅၆၁၅ | ၅၂၆၅ | ၅၂၂၀ | ၅၂၂၀ | ၅၄၂၀ |
| HSD (50 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | ၆၃၂၀ | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |
| HSD (10 ppm) | ၆၀၇၀ | ၆၂၆၀ | ၆၂၀၀ | ၆၀၉၀ | ၆၂၆၀ | ၆၂၇၀ | ၆၃၂၀ | ၆၁၇၀ | | ၆၆၄၀ | ၆၁၉၀ | ၆၄၇၅ | ၆၂၉၅ | ၆၂၅၀ | ၆၂၅၀ | ၆၄၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၆၉ | ၄၃၈၈ |
| 95 Ron | ၄၄၁၃ | ၄၅၃၅ |
| HSD (500 ppm) | ၄၈၁၅ | ၄၉၄၁ |
| HSD (50 ppm) | ၅၇၈၉ | ၅၉၃၄ |
| HSD (10 ppm) | ၅၇၈၉ | ၅၉၃၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၆ ခုနှစ် မေလ ဒုတိယ (၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မေ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ၁၃ ရက်မှ ၁၇ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့လည်းကောင်း၊ မေလ ၁၈ ရက်မှ ၂၂ ရက်အတွင်း မြစ်ဝကျွန်းပေါ် ဒေသများသို့လည်းကောင်း အသီးသီးဝင်ရောက်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်ရှိနိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ၆ ရက်မှ ၈ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၃ ရက်မှ ၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မေလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မေလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၂ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၃ ပေခွဲမှ ၅ ပေခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့ နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။ (မိုး/ဇလ)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မသန်စွမ်း သက်ကြီးစောင့်ရှောက်ရေးဂေဟာသို့ ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၁၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့တွင် ရန်ကုန်မြို့ ထောက်ကြန့်ရှိ လူမှုဝန်ထမ်းဦးစီးဌာန၏ မသန်စွမ်း သက်ကြီးစောင့်ရှောက်ရေးဂေဟာ၌ မသန်စွမ်းသူအမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၃၃ ဦး လက်ခံစောင့်ရှောက်ထားမှု၊ အိပ်ဆောင်များ၊ လက်မှုသင်ကြားခန်း၊ ဆေးပေးခန်း၊ ထမင်းစားခန်းနှင့် မီးဖိုဆောင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးလုပ်ငန်းကို စေတနာထားဆောင်ရွက်နေကြသော ဝန်ထမ်းများဖြစ်သည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် မသန်စွမ်းသူအားလုံးကို ခွဲခြားဆက်ဆံမှုလျော့နည်းပပျောက်ရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး ကလေးများအတွက် စားစရိတ်အလှူငွေနှင့် ဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မုဒုံမြို့ အခြေခံပညာမူလတန်းကျောင်း(မုဒုံဦး) ဘက်စုံသုံးခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မုဒုံ မေ ၁၀

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ၂၀၂၆ – ၂၀၂၇ ပညာသင်နှစ် အခြေခံပညာမူလတန်းကျောင်း(မုဒုံဦး)ဘက်စုံသုံးခန်းမဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေး၊ တာဝန်ရှိသူများနှင့် အလှူရှင် ဦးသန်းအောင်တို့က ဘက်စုံသုံးခန်းမဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ ခန်းမကျောင်းဆောင်သစ်မှာ ငွေကျပ်သိန်း ၂၅၀၀ တန်ဖိုးရှိ ၆၀ x ၃၅ ပေ RC တစ်ထပ်ဘက်စုံသုံးခန်းမဆောင်ဖြစ်ပြီး အလှူရှင်ဦးသန်းအောင်ကလှူဒါန်း၍ ခန်းမဆောင်သစ်နှင့်ပတ်သက်သည့် အချက်အလက်များကိုပေးအပ်ရာ ပြည်နယ်ပညာရေးမှူးမှလက်ခံခဲ့ကာ ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘက်စုံသုံးခန်းမဆောင်သစ်ကို လှည့်လည်ကြည့်ရှု၍ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

(၄၀၆)



## မိုး ထစ်ချုန်း ရွာနိုင်

နေပြည်တော် မေ ၁၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွဲကွဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

(မိုး/ဇလ)

## ထူးခြားသည့် နေ့အပူချိန်များ

၁၀-၅-၂၀၂၆

| | | | | |
|---|---|---|---|---|
| ကော့ကရိတ် | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ကြို့ပင်ကောက် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| သာယာဝတီ | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ငါးသိုင်းချောင်း | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဇလွန် | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဇောင်းတူ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၆ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မှော်ဘီ | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပဲခူး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရွှေကျင် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

**ပျောက်ဆုံးကြောင်း**
ငြိမ်းငြိမ်းစံ(ဘ)ဦးငြိမ်းမောင် ၉/ပဘန(နိုင်)၂၅၈၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၁၇၄၃၅၀

**ပျောက်ဆုံးကြောင်း**
ဇူးသဇင်စိုး(ဘ)ဦးခင်စိုး ၁၄/မမန(နိုင်)၂၉၂၈၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စိုင်းထက်သူ(ဘ)ဦးမျိုးဝင်း ၁၄/ရသယ(နိုင်)၀၀၃၁၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 991013)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
မူမူလွင်(ဘ)ဦးခင်ဝင်း ၈/သရန(နိုင်)၀၈၈၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အေးသဇင်စိုး(ဘ)ဦးစိုးဦး ၇/ရကန(နိုင်)၀၈၀၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သန်းမြတ်စိုး(ဘ)ဦးခင်ဌေး ၁၀/ဘလန(နိုင်)၁၉၃၄၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 400684)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၂၆၃၈၅၇၆

**ပျောက်ဆုံးကြောင်း**
ကျော်သက်ပိုင်(ဘ)ဦးကုလား ၉/သေရ(နိုင်)၀၁၈၇၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဝေယံထွန်း(ဘ)ဦးကျော်ကျော် ၁၄/သပန(နိုင်)၁၁၅၉၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 964837)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

**ပျောက်ဆုံးကြောင်း**
ကေသီဝင်း(ဘ)ဦးအတူး ၁၂/တမန(နိုင်)၁၃၇၄၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
စုစုအောင်(ဘ)ဦးကျော်ထွန်း ၇/ပခန(နိုင်)၄၉၂၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 660084)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နန်းဟွမ်နွမ်း(ဘ)ဦးယန်အိန်တာ ၁၃/သနန(နိုင်)၀၅၂၅၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၀၉၉၂၈၀

**ပျောက်ဆုံးကြောင်း**
တင့်တင့်လွင်(ဘ)ဦးလှရွှေ ၁၂/ဒလန(နိုင်)၀၃၄၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ယွန်းဝတီမျိုး(ဘ)ဦးမျိုးသိန်း ၁၂/တမန(နိုင်)၁၄၈၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အောင်ကိုဇင်(ဘ)ဦးကျော်မြင့် ၁၂/တတန(နိုင်)၂၈၂၅၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မြင့်ဦး(ဘ)ဦးသန်းရွှေ ၁၃/လရန(နိုင်)၂၃၇၃၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 604588)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နွယ်နီခိုင်(ဘ)ဦးတင်စိုး ၅/ဘတလ(နိုင်)၁၀၆၀၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
သူရိန်ဝင့်အောင်(ဘ)ဦးဆန်းအောင် ၁၄/မအန(နိုင်)၂၀၂၁၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မင်းခန့်ဇော်(ဘ)ဦးခင်ထွန်း ၇/ပခတ(နိုင်)၁၁၀၈၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 722653)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ညီဇင်ဖြိုး(ဘ)ဦးစိုးအောင် ၅/တဆန(နိုင်)၁၇၈၈၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဒေါ်ကျိုးကုတ်မိန့်(ဘ)ဦးလော်ဂျမ်း ၁၃/ကခန(နိုင်)၁၄၉၉၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၉၂၃၀၉၈၈

**ပျောက်ဆုံးကြောင်း**
သိန်းဆိုင်(ဘ)ဦးစံလွင် ၁၂/မရက(နိုင်)၁၁၂၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နန်းအိန်လာ(ဘ)ဦးကံ ၁၃/တကန(နိုင်)၃၂၅၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သက်ဦးဇော်(ဘ)ဦးသိန်းတန် ၁၀/ဘလန(နိုင်)၀၇၈၃၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၄၆၀၅၂

**ပျောက်ဆုံးကြောင်း**
မြတ်ထူး(ဘ)ဦးသန်းအေး ၁၂/ဒလန(နိုင်)၀၈၆၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 507186)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၀၀၄၇၈၃၈

**ပျောက်ဆုံးကြောင်း**
ဇော်မင်းထွန်း(ဘ)ဦးထွန်းလင်း ၁၁/မအတ(နိုင်)၀၁၀၁၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ဖခင်အမည်မှန်**
တနင်္သာရီတိုင်းဒေသကြီး၊ အ.ထ.က(၁)မြိတ်မြို့ Grade-12 အတန်းမှ မဆောင်းကဗျာနှင့် Grade-11 အတန်းမှ မဆောင်းသဇင်တို့၏ဖခင်အမည်မှန်မှာ ၆/တသရ(နိုင်)၀၅၅၇၂၀ ကိုင်ဆောင်သူ ဦးညွန့်ဖြစ်ပါကြောင်း။
ဦးညွန့်

**ဖခင်အမည်မှန်**
တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ် အ.ထ.က(ခွဲ)သဘော့လိပ်ကျောင်း Grade-6 အတန်းမှ မောင်မင်းခန့်အောင်နှင့် Grade-2 အတန်းမှ မဖူးဖူးသကြံန်တို့၏ဖခင်အမည်မှန်မှာ ၆/တသရ(နိုင်)၀၅၅၇၂၀ ကိုင်ဆောင်သူ ဦးညွန့်ဖြစ်ပါကြောင်း။
ဦးညွန့်

**ပျောက်ဆုံးကြောင်း**
ရတနာဦး(ဘ)ဦးဝင်းမြင့်သိန်း ၇/ကပက(နိုင်)၁၃၁၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
နန်းယုဝေ(ဘ)ဦးဝင်းညွန့် ၉/တကန(နိုင်)၁၇၁၁၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၉၄၆၉၀၆

## အလုံမြို့နယ်၌ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(ဆင့်ပွား) ဆွေးနွေးပွဲ ပြီးမြောက်ပွဲအခမ်းအနားကျင်းပ




ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း (အလုံ) သီရိရတနာခန်းမ၌ မေလ ၉ ရက်က တိုင်းဒေသကြီးအဆင့် KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (ဆင့်ပွား) ဆွေးနွေးပွဲ ပြီးမြောက်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး (ပညာ) ဒေါ်စန်းစန်းဝင်းနှင့် ရန်ကုန်အနောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းရုံး ဦးစီးမှူး ဒေါ်ခင်ယုဒါရီတို့က သင်တန်းဆင်းအမှာစကားများ အသီးသီး ပြောကြားကြသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကျောက်တံတားမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝေနိုင်မြင့်က ကျေးဇူးတင်စကားပြောကြားကာ သင်တန်းသား၊ သင်တန်းသူများက ပန်းကလေးများရဲ့ဥယျာဉ်မှူး၊ ရွှေသုန္ဒရီ စသည့်သီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ညွှန်ကြားရေးမှူး(ပညာ) ဒေါ်စန်းစန်းဝင်းက ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး (ပညာ) ဒေါ်စန်းစန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်အနောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်းရုံး ဦးစီးမှူး ဒေါ်ခင်ယုဒါရီနှင့်အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ယောရော(ပြန်/ဆက်)

## စိတ်ဓာတ်အင်အားကြံ့ခိုင်စေရန်နှင့် စိတ်ခွန်အားပေးခြင်း အသိပညာပေးဟောပြော

ရန်ကုန် မေ ၁၀

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တို့ပူးပေါင်း၍ စိတ်ဓာတ်အင်အားကြံ့ခိုင်စေရန်နှင့် စိတ်ခွန်အားပေးခြင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မေလ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး အထူးကုဆရာဝန်ဒေါက်တာ နွေးနွေးလှိုင်က အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိ နည်းပြများနှင့်အားကစားသမားများအား စိတ်ခွန်အားဖြစ်စေမည့်နည်းလမ်းများ မျှဝေပေးခြင်း၊ စိတ်ဖိစီးမှုဖြစ်စေနိုင်သော အကြောင်းအရာများနှင့် စိတ်ဖိစီးမှုကိုလျှော့ချနိုင်သောနည်းလမ်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)နှင့် တိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာနတို့မှ တာဝန်ရှိသူများက အင်းစိန်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွန်းနိုင်နှင့် စိတ်ကျန်းမာရေးဆိုင်ရာများကို ဟောပြောပေးခဲ့သည့် အထူးကုဆရာဝန် ဒေါက်တာ နွေးနွေးလှိုင်တို့အား အမှတ်တရဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

## ယာဉ်စည်းကမ်း လမ်းစည်းကမ်းနှင့်အညီ လူကူးမျဉ်းကျား မြေအောက်လမ်း ခုံးကျော်တံတားများ စနစ်တကျအသုံးပြုရေး Campaign ပြုလုပ်

ရန်ကုန် မေ ၁၀

ရန်ကုန်မြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ လူကူးမျဉ်းကျား၊ မြေအောက်လမ်း၊ ခုံးကျော်တံတားများ စနစ်တကျအသုံးပြုရေး Campaign ကို လူသွားလူလာများသည့်နေရာများ၌ ရက်သတ္တပတ်ကြာပြုလုပ်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ တာဝန်ရှိသူတစ်ဦး၏ပြောပြချက်အရ သိရသည်။

အဆိုပါ Campaign ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီတို့၏ ညွှန်ကြားချက်အရ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ပြုလုပ်နေခြင်းဖြစ်သည်။

"ယာဉ်အန္တရာယ်ကင်းရှင်းတဲ့ မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေမှာ လမ်းဖြတ်ကူးရင် သတ်မှတ်ထားတဲ့နေရာကနေကူးရမယ်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ အဲဒီအတွက် ရန်ကုန်မြို့နေပြည်သူတွေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့အညီသွားလာဖို့၊ လမ်းဖြတ်ကူးရင် လူကူးမျဉ်းကျားတွေကနေကူးဖို့၊ လမ်းမြင်ကွင်းရှင်းလင်းတဲ့နေရာ၊ ခုံးကျော်တံတားရှိရင် တံတားပေါ်ကနေကူးဖို့ Campaign ပြုလုပ်တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ Campaign ကို မေလ ၇ ရက်မှစတင်၍ ရန်ကုန်မြို့ရှိ လူသွားလူလာများသည့်နေရာများဖြစ်သည့် ဆူးလေခုံးကျော်တံတား၊ မဟာမြိုင်လူကူးမျဉ်းကျားနှင့်ပြည်လမ်းတို့၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ မျှဝေပေးခြင်းနှင့်အတူ လမ်းသွားလမ်းလာများအား စနစ်တကျလမ်းဖြတ်ကူးစေရန် အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

## မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စုပေါင်းကြဲပက်

ဝါးခယ်မ မေ ၁၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ရေလိန်ကျေးရွာအုပ်စု ရေလိန်ကျေးရွာ ကွင်းအမှတ် (၁၀၁၄/က) (ရေလိန်ကွင်း) ဦးပိုင်အမှတ် (၁ က/၂) တောင်သူ ဦးခင်မောင်ရီ၏ လယ်မြေ၌ မေလ ၉ ရက်က မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေး သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) စုပေါင်းကြဲပက်ခြင်း ဆောင်ရွက်သည်။

ရှေးဦးစွာ တက်ရောက်လာကြသည့် ရေလိန်ကျေးရွာနှင့် အနီးအနားရှိ ကျေးရွာများမှ တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက မိုးစပါးမစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကောင်းမွန်ပြီး သွင်းအားစုဓာတ်မြေဩဇာများ လျှော့ချသုံးစွဲနိုင်မည်ဖြစ်ကြောင်းနှင့် သီးနှံအထွက်နှုန်းတိုးကာ တောင်သူများဝင်ငွေတိုးပွားလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) မျိုးစေ့များပေးအပ်ပြီး တက်ရောက်လာသူများက တောင်သူဦးခင်မောင်ရီ၏ လယ်မြေသုံးဧက၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) များ စုပေါင်းကြဲပက်ကြကြောင်း သိရသည်။

လွှမ်းသီဟ (ပြန်/ဆက်)

## မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြား မတ်ပဲနှင့်ပဲစင်းငုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး ငါးနှစ်သက်တမ်းတိုးမြှင့်

မန္တလေး မေ ၁၀

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြား မတ်ပဲနှင့်ပဲစင်းငုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ ငါးနှစ်သက်တမ်း ထပ်မံတိုးမြှင့်လိုက်ကြောင်း မန္တလေးမြို့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ကြား မတ်ပဲနှင့်ပဲစင်းငုံကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) သက်တမ်းတိုးမြှင့်ခြင်းကို ပြီးခဲ့သည့်ဧပြီလအတွင်းက မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများကြား အတည်ပြုလွှာများ အပြန်အလှန်လဲလှယ်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

"အရင်ကလည်း မြန်မာနိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြား မတ်ပဲနဲ့ ပဲစင်းငုံကုန်သွယ်မှုအတွက် ငါးနှစ်သက်တမ်း MoU ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၆ ခုနှစ်မှာ သက်တမ်းပြည့်လို့ ထပ်မံလက်မှတ်ရေးထိုးပြီး သက်တမ်းတိုးတဲ့သဘောပါ" ဟု မန္တလေးမြို့ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) တွဲဖက်အတွင်းရေးမှူး ဦးသိန်းဇံကပြောသည်။

ထိုသို့ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းကြောင့် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်စဉ် မတ်ပဲတန်ချိန် နှစ်သိန်းခွဲနှင့် ပဲစင်းငုံတန်ချိန်တစ်သိန်း တင်ပို့ခွင့်ရရှိကာ ခိုင်မာသောပြည်ပဈေးကွက်တစ်ခုကို ထိန်းထားနိုင်ပြီး ပြည်တွင်းမှ မတ်ပဲနှင့်ပဲစင်းငုံစိုက်တောင်သူများအတွက် အကျိုးရှိစေကြောင်း သိရသည်။



မြန်မာနိုင်ငံမှထွက်ရှိသော မတ်ပဲနှင့်ပဲစင်းငုံတို့တွင် ဓာတုဆေးဝါးကင်းစင်ခြင်း၊ အရည်အသွေးကောင်းမွန်ခြင်းနှင့်အရသာရှိခြင်းတို့ကြောင့် ပြည်ပဝယ်လက်များက နှစ်စဉ်ဝယ်ယူကြကြောင်း၊ နိုင်ငံတော်မှလည်း တောင်သူများအား ရာသီဥတုဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းသော မတ်ပဲနှင့်ပဲစင်းငုံမျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဆောင်းဦး

# အင်တာမီလန်အသင်းက အီတလီစီးရီးအေချန်ပီယံဆုဆွတ်ခူးပေးနိုင်သည့် နည်းပြ ချီဗူးကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်




ရောမ မေ ၁၀

ယခုဘောလုံးရာသီ အီတလီစီးရီးအေပြိုင်ပွဲတွင် အင်တာမီလန်အသင်းကို ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဆွတ်ခူးပေးနိုင်သည့် နည်းပြ ချီဗူးကို သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အင်တာမီလန်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က အသင်းမှထွက်ခွာခဲ့သည့် နည်းပြ အင်ဇာဂီ၏နေရာ၌ အသင်းကစားသမားဟောင်း တစ်ဦးဖြစ်သည့် ချီဗူးကိုခန့်အပ်ခဲ့ပြီး ချီဗူးသည် အသင်းကို ပထမဆုံးဘောလုံးရာသီတွင်ပင် အီတလီစီးရီးအေပြိုင်ပွဲ၌ ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ပြီးနောက် အသင်းက လုပ်ခလစာတိုးမြှင့်ပေးပြီး သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်နေခြင်းဖြစ်သည်။

အင်တာမီလန်အသင်းနှင့် ချီဗူးတို့စာချုပ်သက်တမ်းမှာ ၂၀၂၇ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် အင်တာမီလန်အသင်းက ၂၀၂၈ ခုနှစ် ဇွန်လအထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည့်အပြင် လုပ်ခလစာကိုလည်း တိုးမြှင့်ပေးအပ်မည်ဖြစ်သည်။

ချီဗူးသည် လက်ရှိတွင် အင်တာမီလန်အသင်း၌ တစ်နှစ်လျှင် လုပ်ခလစာ ယူရို ၂ ဒသမ ၁ သန်းရရှိနေကာ အင်တာမီလန်အသင်းက စာချုပ်သစ်အတွက် တစ်နှစ်လျှင် ယူရိုသုံးသန်းပေးချေပြီး စာချုပ်သစ်ချုပ်ဆိုရန် ကမ်းလှမ်းထားခြင်းဖြစ်သည်။

အင်တာမီလန်အသင်းသည် အီတလီစီးရီးအေပြိုင်ပွဲတွင် ပွဲစဉ်(၃၅)အဖြစ်ကစားခဲ့သည့် ပါးမားအသင်းကိုအနိုင်ရရှိမှုအပြီး ပြိုင်ပွဲပြီးဆုံးရန် သုံးပွဲအလိုတွင်ပင် အီတလီစီးရီးအေချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

အင်တာမီလန်အသင်းသည် နည်းပြချီဗူးလက်အောက်တွင် အီတလီစီးရီးအေပြိုင်ပွဲ၌ ၃၆ ပွဲကစားပြီးချိန်တွင် ၂၇ ပွဲအနိုင်ရရှိကာ လေးပွဲသရေရလဒ်နှင့် ငါးပွဲရှုံးနိမ့်ပြီး ရမှတ် ၈၅ မှတ်ဖြင့် ဦးဆောင်နေသကဲ့သို့ ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိတက်ရောက်ထားပြီး မေလ ၁၄ ရက်တွင် လာဇီယိုအသင်းနှင့်ကစားမည်ဖြစ်သည်။

အင်တာမီလန်အသင်းသည် အီတလီစီးရီးအေလက်ကျန်ပွဲစဉ်များအဖြစ် ဗီရိုနာအသင်း၊ ဘိုလော့နာအသင်းတို့နှင့် ဆက်လက်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Dello Sports*

# ဖရိုစီနိုနီအသင်း အီတလီစီးရီးအေပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိ

ရောမ မေ ၁၀

အီတလီစီးရီးဘီပြိုင်ပွဲနောက်ဆုံးပွဲစဉ်တွင် ဖရိုစီနိုနီအသင်းသည် မော်တိုဗာအသင်းကို ၅ ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိပြီးနောက် အီတလီစီးရီးအေပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ဖရိုစီနိုနီအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ၃၈ ပွဲကစားခဲ့ရာ ၂၃ ပွဲနိုင်၊ ၁၂ ပွဲသရေ၊ သုံးပွဲရှုံး ရမှတ် ၈၁ မှတ်ဖြင့် အဆင့်(၂)နေရာ၌ ရပ်တည်နိုင်ခဲ့သည့်အတွက် အီတလီစီးရီးအေပြိုင်ပွဲသို့ တိုက်ရိုက်တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

အီတလီစီးရီးဘီပြိုင်ပွဲပြီးဆုံးချိန်တွင် အီတလီစီးရီးအေပြိုင်ပွဲသို့ အဆင့်(၁)နေရာမှ ဗင်နီဇီယာအသင်းနှင့် အဆင့်(၂)နေရာမှ ဖရိုစီနိုနီအသင်းတို့က တိုက်ရိုက်တန်းတက်နိုင်ခဲ့ပြီး လက်ကျန်တစ်နေရာအတွက် မွန်ဇာအသင်း၊ ပါလာမိုအသင်း၊ တာကာဇာရီအသင်း၊ မိုဒီနာအသင်း၊ အာဗီလီနိုအသင်းတို့က ရှုံးထွက်အဆင့်ပွဲစဉ်များ အသီးသီးကစားပြီး နောက်ဆုံးအနိုင်ရရှိမည့်အသင်းတစ်သင်းမှာ အီတလီစီးရီးအေပြိုင်ပွဲသို့ တန်းတက်ခွင့်ရရှိမည်ဖြစ်သည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် သွင်းဂိုးအများဆုံးကစားသမားဆုကို ပါလာမိုအသင်းမှ တိုက်စစ်ကစားသမား ပေါ့ဂျန်ပါလာအိုက သွင်းဂိုး ၂၄ ဂိုးဖြင့် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fotmob*

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိ ပွဲဆက်အများဆုံးအသင်းအဖြစ် ဘုန်းမောက်အသင်း ထိပ်ဆုံး၌ရပ်တည်

လန်ဒန် မေ ၁၀

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၃၆)အဖြစ်ကစားသည့် ဖူလ်ဟမ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ပွဲစဉ်တွင် ဘုန်းမောက်အသင်းက ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိအောင်စွမ်းဆောင်နိုင်ပြီးနောက် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိ ပွဲဆက်အများဆုံး အသင်းအဖြစ် ထိပ်ဆုံး၌ရပ်တည်နေကြောင်း သိရသည်။

ဘုန်းမောက်အသင်းသည် ဇန်နဝါရီလ ၄ ရက်က ကစားသည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှုံးပွဲမရှိဘဲ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိပြီးနောက် နောက်ဆုံးကစားခဲ့သည့် ၁၆ ပွဲတွင် ရှစ်ပွဲအနိုင်ရရှိပြီး ရှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကာ ၁၆ ပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းသည် ဖူလ်ဟမ်၊ ပဲလေ့စ်၊ နယူးကာဆယ်၊ အာဆင်နယ်၊ အဲဗာတန်၊ ဝုဗ်၊ လီဗာပူး၊ စပါးစသည့်အသင်းများကိုအနိုင်ရရှိပြီး ဘရိုက်တန်၊ အက်စ်တွန်ဗီလာ၊ ဝက်စ်ဟမ်း၊ ဆန်းဒါးလန်း၊ ဘရန့်ဖို့ဒ်၊ ဘန်လေ၊ မန်ယူ၊ လိဒ်စသည့်အသင်းများနှင့်ပွဲစဉ်များတွင် သရေရလဒ်ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းနောက်တွင် ရှုံးပွဲမရှိ ပွဲဆက်အများဆုံးအသင်းများအဖြစ် မန်စီးတီးအသင်းက ၁၂ ပွဲ၊ အာဆင်နယ်အသင်းနှင့် မန်ယူအသင်းတို့က ၁၁ ပွဲ၊ လီဗာပူးအသင်းက ၁၀ ပွဲဖြင့် ရပ်တည်လျက်ရှိပြီး ဘုန်းမောက်အသင်းသည် ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ရမှတ် ၅၅ မှတ်ဖြင့် အဆင့်(၆)နေရာ၌ရပ်တည်နေပြီး ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

*Ref;Premier League*



# ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မန်ယူအသင်းကွင်းလယ်ကစားသမားဖာနန်ဒက် ဆွတ်ခူးရန် ရေပန်းစားနေ

မန်ချက်စတာ မေ ၁၀

ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မန်ယူအသင်း ကွင်းလယ်ကစားသမား ဖာနန်ဒက်က ဆွတ်ခူးနိုင်ရန် ရေပန်းစားနေကြောင်း သိရသည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး မန်ယူအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲသို့ ဝင်ခွင့်ရရှိခဲ့ရာတွင်လည်း အဓိကကစားသမားအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီတွင် အားကစားကလောင်ရှင်များအဖွဲ့အစည်းက ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ရန် ပိုမိုရေပန်းစားနေခြင်းဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှစတင်ပြီး အားကစားကလောင်ရှင်များအဖွဲ့အစည်းက ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုရရှိသူများ အနေဖြင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၏ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုများကိုပါ ဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ ဟာလန်းကလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီတွင် မန်စီးတီးအသင်းမှ ဖီးလ်ဖိုဒန်ကလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် လီဗာပူးအသင်းမှ ဆာလက်ချ်ကလည်းကောင်း အဆိုပါနှစ်ဆုစလုံးကို တစ်ပြိုင်နက်တည်းဆွတ်ခူးနိုင်ခဲ့ကြခြင်းဖြစ်သည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီတွင် ဂိုးဖန်တီးမှုအများဆုံးကစားသမားစာရင်းတွင်လည်း ၁၉ ကြိမ်ဖြင့် ထိပ်ဆုံး၌ရပ်တည်နေပြီး မန်ယူအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပွဲစဉ် နှစ်ပွဲကစားရန်ကျန်ရှိနေသည့်အတွက် နောက်ထပ်တစ်ကြိမ် ဂိုးဖန်တီးမှုပြုလုပ်နိုင်ပါက တစ်ရာသီဂိုးဖန်တီးမှုအများဆုံးစံချိန်ကို လိုက်မီနိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(အခြား)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Reference Book များဝယ်ယူရန်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(အခြား)ခွင့်ပြုရန်ပုံငွေဖြင့် Reference Book များဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ အင်ဂျင်နီယာဌာန၊ HRD Building၊ နေပြည်တော်တွင် (၈-၅-၂၀၂၆)ရက်နေ့မှ(၂၂-၅-၂၀၂၆) ရက်အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့်တင်ဒါပုံစံများကို (၂၂-၅-၂၀၂၆) ရက်နေ့ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို နိုင်ငံခြားငွေ(Yuan)/မြန်မာကျပ်ငွေတို့ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)1/MR(MC/MIT) Kyat/26-27 | Machinery & Equipment ပစ္စည်း(၆)မျိုးနှင့် Hand Tool & Measuring Instrument ပစ္စည်း(၁၁)မျိုးဝယ်ယူခြင်း။ |
| ၂ | 12(T)2/MR(MC/MIT) Kyat /26-27 | (Auto Coupler, Air Brake)ကုန်တွဲ၊တွဲ(၂၀)အသစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောပစ္စည်း(၁၄၇)မျိုးဝယ်ယူခြင်း |
| ၃ | 12(T)3/MR(MC/MIT) Kyat /26-27 | Wheel,Axle & Roller Bearings ပစ္စည်း(၅) မျိုးဝယ်ယူခြင်း |
| ၄ | 12(T)4/MR(ML/NPT) Yuan /26-27 | Procurement for Remanufacturing of (2) Units of Battery Electric Multiple Units from Original Diesel Multiple Units |
| ၅ | 12(T)5/MR(ML/NPT)Yuan/26-27 | Procurement for Conversion of (6) Units of Battery Coaches from Original Ordinary Class Passenger Coaches |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁၊ ၂)(၂၅-၅-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ
အမှတ်စဉ်(၃၊ ၄၊ ၅)(၁၁-၆-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၁-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၈/မမ/CE | (၁)2"x2"x1/4" thk; M.S Angel(513.82-Ton), (၂)2"x1/4" thk; M.S Flat(360,797 Rft),(၃) Barbed Wire (10 G)300'(3,436-Coil), (၄)2"x2"Chain Link(8G)(2,061,714-Sft)ဝယ်ယူရန် |
| ၂ | ၀၉/မမ/CE | **တိုင်းအမှတ်(၁)မြစ်ကြီးနား** မြစ်ကြီးနားရှိ ရထားရဲဝန်ထမ်းနေအိမ်(၂)ခန်းတွဲ(၁)လုံးနှင့် မြစ်ကြီးနားရှိစက်မှုဝန်ထမ်းနေအိမ်(၂)ခန်းတွဲ(၁)လုံး အသစ်ဆောက်လုပ်ခြင်း (1400 Sft)(ရေ၊ မီး၊ မိလ္လာအပါ)(Brick Pucca) |
| ၃ | ၁၀/မမ/CE | **တိုင်းအမှတ်(၈)မော်လမြိုင်** အန္တိုင်းပွန်ကားလမ်းကူး ဂိတ်စောင့်နေအိမ် (၂)ခန်းတွဲ တည်ဆောက်ခြင်း(1400 Sft)(မိလ္လာအပါ)(Brick Pucca)နှင့် သံဖြူကုန်းဘူတာလမ်းခွဲကိုင်နေအိမ်(၂)ခန်းတွဲ တည်ဆောက်ခြင်း(1400 Sft) (မိလ္လာအပါ)(Brick Pucca)တည်ဆောက်ခြင်းလုပ်ငန်း |
| ၄ | ၁၁/မမ/CE | **တိုင်းအမှတ်(၉)၊ ဟသ်ာတ** ဟသ်ာတ-ကြံခင်းလမ်းပိုင်း၊ ကညင်ငူဘူတာရုံပိုင်နှင့် ဒုရုံပိုင်နေအိမ် (၂)ခန်းတွဲ (၁)လုံးဘုရားကုန်းလမ်းခွဲကိုင်နေအိမ်(၂)ခန်းတွဲ(၁)လုံးအသစ်တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါ)(2x1400 Sft)(Brick Pucca)လုပ်ငန်း |
| ၅ | ၁၂/မမ/CE | **တိုင်းအမှတ်(၁၁)၊ ပုဂံ** ပုဂံဘူတာ(မြို့ပြ၊ သွားလာ၊ ရဲ)ဝန်ထမ်းများအတွက် (၄)ခန်းတွဲ(၂)လုံးတည်ဆောက်ခြင်း(မိလ္လာအပါ)(2x2800 Sft)(Brick Pucca) |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၅-၅-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၁-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၁၃/မမ/CE | **တိုင်းအမှတ်(၇)၊ ရန်ကုန်** မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်(တိုက်အမှတ်-၈) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါ)(15755 Sft)Pile (12"X12")(၁၃၆-လုံး)၊ (ဂါလန်(၅၀၀၀)Ground Tank)(50 Person)Septic Tank(၂)လုံးနှင့် External Sewage Line အပါအဝင် |
| ၂ | ၁၄/မမ/CE | မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ် (တိုက်အမှတ်-၉) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါ)(15755 Sft)Pile (12"x12")(၁၃၆-လုံး)၊ (ဂါလန်(၃၀၀၀၀) Ground Tank)6"Ø Tube Well, Pump House, (ဂါလန်(၅၀၀၀)Ground Tank)(50 Person Septic Tank (၂)လုံးနှင့် External Sewage Line အပါအဝင်) |
| ၃ | ၁၅/မမ/CE | မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်(တိုက်အမှတ်-၁၀) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါ)(15755 Sft)Pile (12"x12")(၁၃၆-လုံး)၊ (ဂါလန်(၅၀၀၀)Ground Tank) (50 Person Septic Tank(၂)လုံးနှင့် External Sewage Line အပါအဝင်) |
| ၄ | ၁၆/မမ/CE | မလွှကုန်းဘူတာယာဒ်ဝင်းအတွင်း အခန်း(၂၀)အပါ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ(၅)ထပ်(တိုက်အမှတ်-၁၁) တည်ဆောက်ခြင်း(ရေ၊ မီး၊ မိလ္လာအပါ)(15755 Sft)Pile (12"x12")(၁၃၆-လုံး)၊ (ဂါလန်(၅၀၀၀)Ground Tank)(50 Person Septic Tank(၂)လုံးနှင့် External Sewage Line အပါအဝင်) |
| ၅ | ၁၇/မမ/CE | မြစ်ငယ်ကွန်ကရစ်ဇလီဖားစက်ရုံတွင် ကွန်ကရစ်ဇလီဖား(၁၀၀,၀၀၀)တုံး ထုတ်လုပ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၅-၅-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၁-၅-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တံတားအထူးအဖွဲ့(၁၆)
## ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့
## တင်ဒါအမှတ် ၁/၂၀၂၆-၂၀၂၇

၁။ ဧရာဝတီတိုင်းဒေသကြီးအတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ တံတားအထူးအဖွဲ့(၁၆)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု/တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တံတားလုပ်ငန်းများအတွက် ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ/ငှားရမ်း/သယ်ယူပို့ဆောင်မည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီနှင့်လုပ်ငန်းရှင်များ လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း အသိပေးကြေညာ၍ ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၂-၅-၂၀၂၆)ရုံးချိန်အတွင်း

၃။ တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - (၂၅-၅-၂၀၂၆)(၁၆:၀၀)နာရီ

၄။ တင်ဒါရွေးချယ်မည့် ရက်/အချိန် - (၂၈-၅-၂၀၂၆)နံနက်(၁၀:၀၀)နာရီ

၅။ တင်ဒါလျှောက်လွှာ ရောင်းမည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး)

၆။ တင်ဒါစိစစ်ရွေးချယ် မည့်နေရာ - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး တံတားအထူးအဖွဲ့(၁၆)၊ ပုသိမ်မြို့ (ပုသိမ်ကြိုးတံတားအနီး)

၇။ တင်ဒါလျှောက်လွှာပုံစံ၊ လုပ်ငန်းသုံးပစ္စည်း၊ တင်ဒါစည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၉-၄၂၀၇၇၆၁၅၆၊ ၀၉-၂၆၅၀၂၉၉၅၃၊ ၀၉-၄၂၂၄၅၆၉၇၇၊ ၀၉-၄၀၇၅၁၅၃၃၄၊ ၀၉-၅၃၇၀၅၉၄၊ ၀၉-၄၂၅၀၁၃၃၈၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားအထူးအဖွဲ့(၁၆)**

## အလိမ္မာစာမှာရှိ

### ပျောက်ဆုံးကြောင်း
တောင်တွင်းကြီးမြို့၊ ကွဲဖြူကန်ကျေးရွာနေ မအိဖြိုးဝေ(ဘ)ဦးသန်းဝင်း ၈/တတက(နိုင်)၂၁၇၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
အလုံမြို့၊ ဌာနာရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်-၁၆၅ နေ ဇော်မြင့်(ဘ)ဦးသန်းငြိမ်း ၁၂/အလန(နိုင်)၀၄၀၅၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၅၀၂၂

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကုန်းဖောက်ရပ်ကွက်၊ အမှတ်(၃)၊ အေးချမ်းသာယာလမ်းနေ မသူဇာလင်း(ဘ)ဦးလင်းထင် ၆/မမန(နိုင်)၂၂၄၅၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၆၁၅၀၆၁

### ပျောက်ဆုံးကြောင်း
လယ်ဝေးမြို့၊ စွယ်တော်မျှောင်ကျေးရွာအုပ်စု၊ စွယ်တော်မျှောင်ကျေးရွာ အေးစန်း(ဘ)ဦးဘိုးယု ၉/လဝန(နိုင်)၁၉၉၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၄၁၀၁၆၀

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့၊ ဘိုင်းဒါးရွာနေ သက်ကိုကိုဦး(ဘ)ဦးစန်းအောင် ၇/ညလပ(နိုင်)၁၂၂၅၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၁၁၈၀၁၆

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ဆင်ကျန်းကျေးရွာနေ မမာမာချို(ဘ)ဦးမြင့်စိန် ၆/သရခ(နိုင်)၀၈၇၁၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၅၆၉၂၁၈၀

## စစ်ကိုင်းတိုင်းဒေသကြီး
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းတို့အားဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်-

(၁) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၁၁-၅-၂၀၂၆)ရက်နေ့(တနင်္လာနေ့) (ရုံးချိန်အတွင်း)

(၂) တင်ဒါလျှောက်လွှာ နောက်ဆုံးရောင်းချမည့်ရက် - (၂၅-၅-၂၀၂၆)ရက်နေ့(တနင်္လာနေ့) (ရုံးချိန်အတွင်း)

(၃) တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက် - (၂၆-၅-၂၀၂၆)ရက်၊ (၁၆:၀၀)နာရီအထိ

(၄) တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၀၂၆၅၂၀၊ ၂၀၂၆၁၉၅ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ မကျွန်းမော်ကျေးရွာနေ ဦးဉာဏ်စိုး(ဘ)ဦးကျော်အေး ၆/လလန(နိုင်)၁၀၃၀၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၆၁၅၀၆၁

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ညောင်ချောင်းပွေးစုကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာနေ နန်းနှင်းနှင်းရွှေ(ဘ)ဦးသာထူး ၁၄/မမန(နိုင်)၃၉၂၄၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

# တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများအတွက် ကျောင်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်မှစ၍ အခြေခံပညာအထက်တန်းဆင့် Grade–10၊ Grade–11 နှင့် Grade–12 အတန်းပညာများကို သင်ကြားလေ့ကျင့်ပေးမည့် အမှတ်(၁)တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်း(ရဲမွန်)၊ အမှတ်(၂)တပ်မတော်လူငယ်ပညာရေး သင်တန်းကျောင်း(နေပြည်တော်)တို့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသားသစ်များအဖြစ် လျှောက်ထားသူများသည် အောက်ပါ အရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) Grade–10 သင်တန်းအတွက် Grade–9 အောင်မြင်ပြီး အသက် ၁၇ နှစ်ထက်မကြီးသူ၊ Grade–11 သင်တန်းအတွက် Grade–10 အောင်မြင်ပြီး အသက် ၁၈ နှစ်ထက်မကြီးသူ၊ Grade–12 သင်တန်းအတွက် Grade–11 အောင်မြင်ပြီး အသက် ၁၉ နှစ်ထက်မကြီးသူ ဖြစ်ရမည်။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူအမျိုးသား(လူပျို)ဖြစ်ရမည်။

( ဂ ) တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ၊ သို့မဟုတ် ပြစ်ဒဏ်စီရင်ခြင်းခံရဖူးသူ မဖြစ်စေရ။

(ဃ) စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းအောင်မြင်ရမည်။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄–၅–၂၀၂၆ ရက်နေ့မှ ၂၀–၅–၂၀၂၆ ရက်နေ့အတွင်း လျှောက်ထားသူကာယကံရှင်ကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များ သို့ လျှောက်ထားရမည်–

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ ၃ ပုံ။

( ခ ) နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

( ဂ ) မိဘ/အုပ်ထိန်းသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)။

(ဃ) အိမ်ထောင်စုဝင်လူဦးရေစာရင်း(ပုံစံ–၆၆/၆)(မိတ္တူ)။

( င ) ကျောင်းထွက်လက်မှတ်(မိတ္တူ)။

( စ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ သို့မဟုတ် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး၏ ထောက်ခံစာမူရင်း။

(ဆ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ကျောင်းသားသစ်အဖြစ်လျှောက်ထားသူအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းကြီးကြပ်ရေးနှင့် ကျောင်းသားစိစစ်ရေး ရွေးချယ်ရေးအဖွဲ့က ပဏာမရွေးချယ်ရန် အကြောင်းကြားလာပါက အပိုဒ်(၂)ပါစာရွက်စာတမ်းများ**မူရင်းနှင့် မိတ္တူ(၃)စောင်စီ** ယူဆောင်၍ ၂၂–၅–၂၀၂၆ ရက်အရောက် မိဘ/အုပ်ထိန်းသူနှင့်အတူ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများအား ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို ကျောင်းသားအဖြစ် အတည်ပြုရွေးချယ်သွားမည်။

၄။ တပ်မတော်လူငယ်ပညာရေးသင်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသောကျောင်းသားများ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးဝါးကုသမှု၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးပြဌာန်းစာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် အခြား သင်ထောက်ကူပစ္စည်းများ၊ အခြေခံပစ္စည်းများ အခမဲ့ရရှိမည့်အပြင် ပညာသင်ကြားနေစဉ်ကာလအတွင်း လစာအဖြစ် တစ်လလျှင် Grade–10 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၃၀ ရာခိုင်နှုန်း(၄၃၂၀၀ဝိ/–ကျပ်)၊ Grade–11 အတန်းအတွက် အခြေခံ တပ်သားသစ်လစာ၏ ၄၀ ရာခိုင်နှုန်း(၅၇၆၀၀ဝိ/–ကျပ်)နှင့် Grade–12 အတန်းအတွက် အခြေခံတပ်သားသစ်လစာ၏ ၅၀ ရာခိုင်နှုန်း (၇၂၀၀၀ဝိ/–ကျပ်)တို့အား ခံစားခွင့်ရှိသည်။

၅။ ကျောင်းသားများအား အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များကို ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ နှစ်အလိုက် သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး နိုင်ငံတော်မှကျင်းပပြုလုပ်သည့်တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည်။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူကျောင်းသားများသည် သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီမှုရှိပါက တပ်မတော်ဆိုင်ရာ တက္ကသိုလ်နှင့်သိပ္ပံများသို့ လျှောက်ထားခွင့်ရှိသည်။ တပ်မတော်ဆိုင်ရာတက္ကသိုလ်နှင့်သိပ္ပံများသို့တက်ရောက်ရန် သတ်မှတ် အရည်အချင်းနှင့်ကိုက်ညီမှုမရှိပါက ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေးသင်တန်းနှင့် တပ်မတော်ဆေးဘက်ဆိုင်ရာပညာ သင်ကျောင်း၌ဖွင့်လှစ်သည့် တတိယအဆင့်ဆေးလက်ထောက်သင်တန်း(အထူး)သို့ လျှောက်ထားခွင့်ရှိသည်။

၆။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ပညာရေးဌာနစု၊ ဖုန်း–၀၃၆–၃၀၅၃၁/၀၃၆–၃၀၅၆၆ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါ သည်။

**ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
MOUNT PLEASANT
PURE ARABICA COFFEE
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅ ၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
MOUNT PLEASANT COFFEE 2 plus 1
Black Coffee
PYIN OO LWIN NAN MYAING 2 in 1
PYIN OO LWIN Nan Myaing 2+1 coffee


"အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း"
NAY PYI TAW
NAYPYITAW
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


ပဒုမ္မာဆပ်ပြာ
ရေမွှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်မြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အချောအသေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
GOLD MEDAL A.I.B.A
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# အမေရိကန်ပြည်ထောင်စုတွင် ယှဉ်ပြိုင်ထိုးသတ်သည့် ယူအက်ဖ်စီ ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ချင်းလူငယ် ဂျိုရှုအာဗန်က ပြိုင်ဘက် ဂျပန်ကစားသမားကို အနိုင်ရရှိ

နေပြည်တော် မေ ၁၀

အမေရိကန်ပြည်ထောင်စု၌ ကျင်းပပြုလုပ်သည့် ယူအက်ဖ်စီ ဖလိုင်းဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ချင်းလူငယ်ဖိုက်တာ ဂျိုရှုအာဗန်သည် ပြိုင်ဘက်ဂျပန်ကစားသမား တက်ဆူရိုတိုင်ရာကို ပဉ္စမအချီတွင် အလဲထိုးအနိုင်ယူပြီး ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ခဲ့ကြောင်း သိရသည်။

ယနေ့ပွဲတွင် ဂျိုရှုအာဗန်အနေဖြင့် ပြိုင်ဘက်ဖြစ်သူ တက်ဆူရိုတိုင်ရာ၏ ချုပ်ကွက်များကို ရုန်းထွက်နိုင်ခဲ့ပြီး ၎င်း၏ အားပြင်းတိကျသော လက်သီးချက်များဖြင့် ပြိုင်ဘက်အား ဖိအားပေးထိုးသတ်ကာ ထိုက်ထိုက်တန်တန် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး အသက် ၂၄ နှစ်အရွယ် ဂျိုရှုအာဗန်သည် စာမျက်နှာ ၁၅ ကော်လံ ၄ ⇨




ယူအက်ဖ်စီ ဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်လုပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု ချင်းလူငယ် ဂျိုရှုအာဗန်နှင့် ဂျပန်ကစားသမား တက်ဆူရိုတိုင်ရာတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၀

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၀-၅-၂၀၂၆

| | | |
|---|---|---|
| ကလေးဝ | ၂ ဒသမ | ၆၄ လက်မ |
| မိုးကုတ် | ၂ ဒသမ | ၅၅ လက်မ |
| ဝမ်းတွင်း | ၂ ဒသမ | ၄၀ လက်မ |
| လားရှိုး | ၁ ဒသမ | ၆၆ လက်မ |
| ကန့်ဘလူ | ၁ ဒသမ | ၅၇ လက်မ |
| ဘိုကလေး | ၁ ဒသမ | ၄၅ လက်မ |
| လှိုင်လင် | ၁ ဒသမ | ၄၂ လက်မ |
| တောင်ကြီး | ၁ ဒသမ | ၃၈ လက်မ |

# ချမ်းမြသာစည်၊ ပုသိမ်ကြီးနှင့် စဉ့်ကိုင်မြို့နယ်တို့တွင် စိတ်ကြွဆေးပြား ဖြန့်ဖြူးရောင်းချသူများအား ငွေကျပ် ၃ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၂၁ သိန်းကျော်နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ



တရားခံ အောင်ရဲကျော်(ခ)မြင့်ကျော်နှင့် မအားဖန်(ခ)ဆိုင်ဘန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြား ၁၄ ဒသမ ၇ သိန်းနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မေ ၁၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီလ ၃၀ ရက်နေ့ ညနေ ၅ နာရီခွဲအချိန် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်ရှိ တည်းခိုခန်းတွင် စိတ်ကြွဆေးပြား ဖြန့်ဖြူးရောင်းချနေသူများ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ မဖြူစင်တင်လှ(ခ)ဖြူစင်နှင့် မဇွန်ဇင်ဦး(ခ)မိုင်လီတို့ ၂ ဦးအား စိတ်ကြွဆေးပြား ၁၁၅ ပြားနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်အရ ယင်းနေ့ ညနေ ၆ နာရီအချိန် ပုသိမ်ကြီးမြို့နယ်၊ စာမျက်နှာ ၂၅ ကော်လံ ၁ ➜

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

နေပြည်တော် မေ ၁၀

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ဘောလုံးပွဲ ရလဒ်များ

အင်္ဂလန်ပရီးမီးယားလိဂ်

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၂ | - | ၂ | ဗီလာ |
| ပဲလေ့ | ၂ | - | ၂ | အဲဗာတန် |
| နော်တင်ဟမ် | ၁ | - | ၁ | နယူးကာဆယ် |
| ဝက်စ်ဟမ်း | ၀ | - | ၁ | အာဆင်နယ် |

